# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁၂)ရက် ၊ အင်္ဂါနေ့ ၊ (16-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၃၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ နိုင်ငံအရေး တို့အရေးမို့
နိုင်ငံသားတိုင်း မဲပေးစို့။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က တပ်မတော်(လေ)ဖွဲ့စည်းတည်ထောင်မှု ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊

**စာမျက်နှာ ၁၆ ကော်လံ ၁**


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀



ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# တာဝန်ကျေပွန်သော ပြည်သူ့စစ်မှုထမ်းများအတွက် အခွင့်အလမ်းများ

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည် အသက်ဝင်စေခဲ့သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည် အသက်ဝင်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်ခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၀) ထိ ဖွင့်လှစ်နိုင်ပြီဖြစ်သကဲ့သို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၆) ထိ သင်တန်းဆင်းပွဲကိုလည်း ကျင်းပခဲ့ကာ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ တပ်ရင်းတပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများနှင့်စပ်လျဉ်း၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ခဲ့ပြီးသူများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်များ ပေးအပ်ချီးမြှင့်လျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကို လက်ရှိတွင် တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက ကျရာအခန်းကဏ္ဍမှ မိမိထမ်းဆောင်သော တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ပြီးပါက တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လိုပါကလည်း ဆက်လက်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသူများအနေဖြင့် စစ်မှုမထမ်းဆောင်မီ ၎င်းတို့တာဝန်ထမ်းဆောင်ခဲ့သော အစိုးရဌာန၊ ပုဂ္ဂလိကလုပ်ငန်းနှင့်အဖွဲ့အစည်း၊ ကုမ္ပဏီများတွင် ၎င်းတို့လုပ်ကိုင်ခဲ့သော မူလအလုပ်အကိုင်၊ လုပ်ငန်းနေရာများအလိုက် ပြန်လည်ခန့်ထားနိုင်ရေးကို စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင် သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများသည် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးနောက် တရားဝင်နုတ်ထွက်ခွင့်ရရှိခဲ့သူများ၏ လူနေမှုဘဝအဆင်ပြေစေရန် အလုပ်အကိုင်ရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တာဝန်ကျေပွန်သော ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ကြိုဆိုနေသည်သာဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၁၂
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ
အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့
ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက
ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။
ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉
မန္တလေး — ရွှေကျင်သိလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

## စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၃၂၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



စစ်ကိုင်း ဒီဇင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၃၂၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၆၁၂၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၃၂၈၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၃ ဒသမ ၀၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ စပါး ၂၆၁၂၆ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့တယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေဘဝဲပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဒီဇင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ရေဘဝဲပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရေဘဝဲပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ရေဘဝဲပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က ထွက်ရှိတဲ့ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နိုဝင်ဘာလအတွင်း ရေဘဝဲပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချတဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ ရှိပါတယ်။ လက်ရှိမှာလဲ ရေဘဝဲတွေကို အဝယ်လိုက်နေပါတယ်။ ရေဘဝဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၈၅၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၃၀၅၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များကိုလည်း ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမရပူရမြို့နယ် သပိတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်း

**အမရပူရ ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားခြင်းဖြင့် ကျေးလက်ဒေသများတွင် ဆင်းရဲမှုလျှော့ချနိုင်စေရန် ရည်ရွယ်၍ သပိတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင် ကျေးရွာစီမံကိန်းအကြောင်း မိတ်ဆက်ပြောကြားပြီး စီမံကိန်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် စီမံကိန်းတာဝန်ခံက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်း ပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသားများ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကော်မတီခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါသပိတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများကို ကဏ္ဍအလိုက် စည်းကမ်းသတ်မှတ်ချက်များများနှင့်အညီ စီမံကိန်းရန်ပုံငွေများကို ထုတ်ချေး ပေးသွားမည်ဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈၅ လမ်း၊ ၃၉ လမ်းနှင့် လမ်း ၄၀ ကြားနေ ဒါဒါပါတိတ်နှင့်ပိုးထည်မိသားစုက ဆွမ်းအလှူငွေကျပ် ၂၀၀၀၀၀၀ နှင့် ရေ၊ မီး ပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ စုစုပေါင်းငွေကျပ် ၂၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ လူမှုရေးဆပ်ကော်မတီအဖွဲ့ဝင် ဦးယုတင်နှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၁၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဒီဇင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၁၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၇၂၃၇ ဧက စိုက်ပျိုးရန် လျာထား ပြီး အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၁၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကသာမြို့နယ်အတွင်း မြေပဲ ၁၇၂၃၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၅၁၁၈ ဧကကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာ ရှိပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေး အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တန့်ယန်း ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဟူးလွယ်ကာ ကျေးရွာအုပ်စု နားဟုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများက နားဟုတ်ကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ပြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နားဟုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၃၉ ဦးကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၃၅ သန်း ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း တန့်ယန်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်ထံမှ သိရသည်။

**ချိုသန်းညွန့်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးကွမ်းရှပ်ငါးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးကွမ်းရှပ်ငါးခြောက် ပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးကွမ်းရှပ်ငါးခြောက်ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးကွမ်းရှပ်ငါးခြောက် ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကထွက်တဲ့ ငါးကွမ်းရှပ်ငါးခြောက်တွေကို စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ပိဿာချိန် ၆၇၀၀၀ ထိရောင်းချခဲ့ရပါတယ်။ ငါးကွမ်းရှပ်ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတော့ ဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးကွမ်းရှပ်ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ အဓိကထားပြီး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ငါးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

လပွတ္တာမြို့နယ်မှ ထွက်ရှိသည့် ငါးကွမ်းရှပ်ငါးခြောက်များ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကြပြီး အဆင်ပြေလျက်ရှိကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# လက်ဖက်ရည်တော် ဦးပုညနှင့် သူ၏စာကဗျာ

ပြေအေးသက်

❖ စာဆိုဦးပုညသည် စာကဗျာတို့ကို ကိုရင်သက် ၁၅နှစ်နှင့် အမှုထမ်းသက် ငါးနှစ်အတွင်း ရေးသားပြုစုခဲ့သည်။ စာကဗျာများမှာ အမျိုးအစားစုံလင်ပြီး အမျိုးအစားအလိုက် စာပုဒ်အရေအတွက်များလှပေရာ အချို့စာပေအမျိုးအစားတို့သည် မှတ်တမ်းအပြည့်အစုံမရခြင်းကြောင့် မှတ်တမ်းမစုံလင်ခြင်းတို့လည်းရှိနေကြသည်။ ဦးပုည၏စာကဗျာတို့ကို အပိုင်းနှစ်ပိုင်းခွဲခြားကြည့်မည်ဆိုလျှင် ကဗျာပိုင်း၊ စကားပြေပိုင်းဟူ၍တွေ့ရသည်။ ❖

စာဆိုဦးပုညကို အမှတ်ထင်ထင်ဖြစ်စေသည့် အမည်ကတော့ စလေဦးပုညဆိုသည့်အမည်ပင်ဖြစ်သည်။ စလေဇာတိသားဖြစ်၍ အမည်ရှေ့က ဇာတိမြို့ရွာကိုအမည်တပ်ပြီး ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ အသက် ငါးနှစ်အရွယ်တွင် ခင်ကြီးစဆရာတော်ထံတွင်လည်းကောင်း၊ အသက် ခြောက်နှစ်တွင် မောင်းတိုက်ဆရာတော် ဦးဒီပထံတွင်လည်းကောင်း၊ စလေမြို့ ခင်ကြီးသာဆရာတော်ထံတွင်လည်းကောင်း၊ ပုဂံမြို့ ရွှေကျောင်းဒလခင်ကြီးဆရာတော်ထံတွင်လည်းကောင်း ပညာသင်ယူပြီး အသက်ရှစ်နှစ်တွင် ဗန်းမော်ဆရာတော်ထံ၌ သာမဏေပြု၍ ရှင်အမည်မှာ ပုညာဘိဓေဖြစ်ကာ နောင်တွင် ဦးပုညဟုအမည်တွင်သည်။ ဦးပုညသည် မြို့စားရွာစားမျိုးဖြစ်သည့် အဖ ဦးမြတ်ထွား၊ အမိ ဒေါ်မိန်းကလေးတို့က မြန်မာသက္ကရာဇ် ၁၁၇၄ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက် ကြာသပတေးနေ့တွင် ဖွားမြင်၍ ငယ်စဉ်က သာယာဝတီမင်းတရားကြီး အိမ်တော်ရောက်ခိုက် စည်ကိုပုတ်၍ ကစားသောကြောင့်"မောင်ပုတ်စည်"ဟု မင်းတရားကြီးကိုယ်တိုင်ပေးသောအမည်ကလည်း တွင်ခဲ့ပေသည်။ မင်းတုန်းမင်းကြီးလက်ထက် မင်းမှုထမ်းသော် ပုခန်းမြို့စီရင်စုမှ ရွာစည်ရွာကိုပေးသနားသောကြောင့် ရွာစည်ရွာစားနှင့် မင်းလှသခ်ယာဘွဲ့အမည်တို့မှာ စလေအမည်လောက် မထင်ရှားခဲ့ပေ။ ထို့ပြင် ဦးပုည၏ လက်ဖက်ရည်တော်ရာထူးနှင့် အမည်တပ်ခေါ်ဝေါ်မှုကလည်း မထင်မရှားဖြစ်ခဲ့ပေသည်။

**လက်ဖက်ရည်တော်**

မြန်မာသက္ကရာဇ် ၁၁၈၈ ခုနှစ် မောင်ပုတ်စည် အသက် ၁၅ နှစ်တွင် ပညာဆက်လက်သင်ကြားခဲ့သည်။ ကဗျာဉာဏ်ရွှင်ပုံကိုလည်း သူကိုယ်တိုင်က "ကဗျာဉာဏ်အာဘော်ကလည်း ကလော်တိုင်းထွက်သောကြောင့်"ဟုဆိုခဲ့သည်။ ထို့ပြင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ အဋ္ဌကထာ၊ ဋီကာတို့အပြင် သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်း၊ အလင်္ကာကျမ်း၊ ဆန်းကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ဗေဒင်ကျမ်းနှင့် အင်္ဂလိပ်ကျမ်းများကိုလည်း တစ်ဖက်ကမ်းခပ်မျှ တတ်မြောက်ကျွမ်းကျင်ပေရာ မြန်မာသက္ကရာဇ် ၁၂၀၈ ခုနှစ် ပုဂံမင်းလက်ထက်တွင် စလေဦးပုညအမည်ဖြင့် ထင်ပေါ်ကျော်ကြားလာခဲ့ပြီဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၂၃ ခုနှစ် ရှင်ပုည သက်တော်နှစ် ၅၀၊ ဝါတော် ၃၅ နှစ်အရောက်တွင် လူဝတ်လဲ၍ မင်းတုန်းမင်းထံတွင် ခစားရာ တစ်နှစ်လျှင် လစာငွေကျပ် ၆၀၀ နှင့် လက်ဖက်ရည်တော်ခန့်၍ ရွာစည်ရွာစားအပြင် မင်းလှသခ်ယာဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ လက်ဖက်ရည်တော်၊ ရေကြည်တော်၊ လက်သုံးတော်၊ ဖိနပ်တော်၊ ကွမ်းရေတော်၊ သမားတော်၊ စာတော်ဖတ်တို့သည် ရှင်ဘုရင်၏ တိုက်ရိုက်စီမံအုပ်ချုပ်မှုအောက်တွင်ရှိသော အရာရှိများဖြစ်သည်။

**စာဆိုဦးပုည၏ စာကဗျာ**

စာဆိုဦးပုညသည် စာကဗျာတို့ကို ကိုရင်သက် ၁၅ နှစ်နှင့် အမှုထမ်းသက် ငါးနှစ်အတွင်း ရေးသားပြုစုခဲ့သည်။ စာကဗျာများမှာ အမျိုးအစားစုံလင်ပြီး အမျိုးအစားအလိုက် စာပုဒ်အရေအတွက် များလှပေရာ အချို့စာပေအမျိုးအစားတို့သည် မှတ်တမ်းအပြည့်အစုံမရခြင်းကြောင့် မှတ်တမ်းမစုံလင်ခြင်းတို့လည်း ရှိနေကြသည်။ ဦးပုည၏စာကဗျာတို့ကို အပိုင်းနှစ်ပိုင်းခွဲခြားကြည့်မည်ဆိုလျှင် ကဗျာပိုင်း၊ စကားပြေပိုင်းဟူ၍တွေ့ရသည်။ ကဗျာပိုင်းကိုကြည့်လျှင် တေးထပ်ကဗျာတွင် ဆရာလှသမိန်၏ တေးထပ်ပေါင်းချုပ်၌ အင်္ဂါပြည့်စုံသောတေးထပ် ၁၇၄ ပုဒ်၊ ဗေဒင်တေးထပ် ၉၉ ပုဒ်ဖြစ်၍ စုစုပေါင်း ၂၇၃ ပုဒ်၊ စာကိုယ်ရှာမတွေ့သေးသောတေးထပ် ၁၅၇ ပုဒ်ဖြစ်ပြီး သင်္ဂြိုဟ်ကိုးပိုင်းတေးထပ်များမှာ စာရင်းမတင်နိုင်သေးသည်ကိုကြည့်လျှင် တေးထပ်များစွာဖွဲ့ဆိုခဲ့သည်ကို သိနိုင်ပေသည်။

မော်ကွန်းကဗျာတွင် လေးပုဒ်ရေးဖွဲ့ခဲ့ပြီး အဆိုပါမော်ကွန်းများမှာ ဇင်းမယ်နိုင်မော်ကွန်း၊ ရတနာနဒီမော်ကွန်း၊ မန္တလေးဘွဲ့မော်ကွန်းနှင့် မင်းတုန်းမင်းဘုန်းတော်ဘွဲ့မော်ကွန်းတို့ဖြစ်ကြသည်။

အလင်္ကာတွင် သဒ္ဒါပုဒ်စစ်လင်္ကာ ၁၇ ပုဒ်၊ ပင့်ရစ်ဂဏ္ဍိ သတ်ပုံလင်္ကာ ၁၃ ပုဒ်၊ သတ္တဝါသဆေးကျမ်းလင်္ကာ ၂၆ ပုဒ်နှင့် ဗေဒင်လင်္ကာများဖြစ်သည့် သင်္ကရိုက်ဖတ်နည်းလင်္ကာ၊ နရစက်သူ့ရုပ်ဟောနည်းလင်္ကာ၊ ဒသာဟောဗေဒင်လင်္ကာ၊ ဓမ္မသတ်လင်္ကာမှာ ရေးသားဆဲတို့အပြင် နွားတစ်ကောင်လုံးအသုံးချနည်းလင်္ကာတို့ကိုရေးဖွဲ့ခဲ့သည်။ ထို့ပြင် ကဗျာတို့တွင် ရတု၊ ဒွေးချိုး၊ လေးချိုး၊ လေးဆစ်သဖြန်၊ ဗုံကြီးသံ၊ ငိုချင်းရှည်၊ လေ့ချင်းသံတို့ကို ရေးဖွဲ့ခဲ့သည့်အပြင် မေတ္တာစာ ၅၂ ပုဒ်နှင့် ဒုံးချင်းများကိုလည်း ရေးဖွဲ့ခဲ့သည်။ ဒုံးချင်းကဗျာနှင့်ပတ်သက်၍ ဝဇီရဗုဒ္ဓိ ဦးဖိုးစိန်က "ဒုံးချင်းကိုဆိုသောအခါ လက်သီးလက်မောင်းတန်းလျက် ခြေကသိုင်းကွက်ကျအောင်နင်း၍ ရှေ့တိုးနောက်ဆုတ်ပြုလုပ်ရသည်"ဟုဆိုသည်။ ဒုံးပွဲများတွင် ဦးပုညကို စောင်းချိတ်၍ "ဘယ်နှင့်ရေးသည့်၊ ငပုတ်စည်၊ ဆန်တစ်ပြည်၊ တေးတစ်ပုဒ်ပဲ"ဟုသီဆိုကြသည်ဟုဆိုသည်။ ဦးပုညသည် ညာလက်သိမ်နေ၍ ဘယ်လက်ဖြင့် စာရေးသည့်အပြင် တေးကဗျာရေးခကိုလည်း ဆန်တစ်ပြည်ခန့်နှင့်ပြီးသည်ကို ရည်ရွယ်ကြဟန်တူသည်။

ဒုံးချင်းကဗျာနှင့်ပတ်သက်၍ ပုဂံမင်းလက်ထက်တွင် ကနောင်မင်းသားအိမ်တော်၌ ဦးပုညကို ရယ်ရွှင်စရာ ဒုံးချင်းများ ရေးပါဟု တိုက်တွန်းသောကြောင့် ပထမဦးစွာ ဇီဝကရုပ်ဒုံးချင်းဆက်သရာ ကနောင်မင်းသားမှာ လက်ခုပ်လက်ဝါးတီး၍ ရယ်ပွဲဆင်လေသည်။ ဆက်၍ ပုဏ္ဏားရုပ်ဒုံးချင်း၊ သူငယ်ဒုံးချင်းများ ဖတ်ပြီးသောအခါ များစွာရယ်မောတော်မူပြန်သည်။ ဦးပုညလည်း ဆုငွေနှင့် အထည်အလိပ်များရရှိခဲ့သည်။ မင်းတုန်းမင်းလက်ထက်တွင် ခေတ်စားနေသော သီချင်းကဗျာများမှာ ဒုံးချင်း၊ စက်ချင်း၊ ဂုဏ်ချင်း၊ ဟန်ချင်းနှင့် လေ့တော်ချင်းတို့ဖြစ်ကြသည်။ ပုံစံအားဖြင့် သူငယ်ဒုံးချင်းကို ဖော်ပြရလျှင် "လေးကျွန်းဦးကိုင် မဏ္ဍိုင်စက်မှာ၊ ကုန်းဘောင်အောင်ချက်တိုင်းကြီးရှင်၊ ဘုန်းတော်တောက်လို့နောက်မှပေါ်၊ သုံးခါလည်ကျော် သူငယ်တန်းမို့၊ ပေါက်လွှတ်ဗလဗွေ ပွေအောင်ကြမ်းချည့်၊ ရွယ်မတူ ဘယ်သူစမ်းမလဲ၊ လမ်းရှေ့ကထွင်၊ မြွေကြူငါးမိုက်၊ ပိုက်မိသည့်ရွှေယုန်၊ ဆင်းရဲပေါင်းကြုံလိမ့်မည်"ဟုရေးဖွဲ့ထားပေသည်။ ထို့ပြင် အခြားမေတ္တာစာတစ်ပုဒ်ဖြစ်သော ပွဲကတော်ရှင်ထွန်းမေတ္တာစာတွင် "ဟေမန်ဒေသံ၊ စွေအန်နှင်းလှိုင်၊ တောဂနိုင်ဝယ်၊ မြိုင်တစ်ရစ်၊ တောင်တစ်ဆစ်၊ မြစ်အခွေခွေ၊ မြေမဟီလာ၊ ရေဖီလာဝယ်၊ ကောင်းလျှင် ကောင်းလျောက်၊ ဝမ်းမြောက်မြတ်နိုး၊ ဆိုးလည်းမပစ်၊ အချစ်မတုံး၊ အမုန်းဖျောက်ဖြေ၊ အတူနေရအောင်၊ လာစေလိုကြောင်း၊ နှုတ်ကောင်းမင်္ဂလာ၊ အခါခါဖြင့်၊ ကြားမှာလိုက်ဖူးပေသည်ကို"ဟု ကာရန်လှပစွာ နဘေစပ်၍ ရေးဖွဲ့ထားသည်ကို တွေ့ရပေသည်။ ဖတ်သူ၊ နားထောင်ရသူ ... 

**စကားပြေပိုင်း**

စကားပြေပိုင်းတွင်အထင်ကရမြင်တွေ့နေရသည်က ဦးပုည၏ ဝတ္ထုများနှင့် ပြဇာတ်များဟုဆိုရပေမည်။

ဦးပုညသည် ဝတ္ထုပေါင်း အပုဒ်ရေ ၃၀ ခန့်နှင့် ပြဇာတ်ပေါင်း ရှစ်ပုဒ်ကိုလည်း ရေးသားခဲ့ပေသည်။ ဝတ္ထုများမှာ ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ ယုန်မင်းဝတ္ထု၊ သိဝရာဇ်မင်းကြီးဝတ္ထု၊ ကာကဝလိယဝတ္ထု၊ သူအိုမကြီးဝတ္ထု၊ ဝိသယသူဌေးဝတ္ထု၊ အဘယမာတာ ရဟန္တာမဝတ္ထု၊ ကုဒါလပဏ္ဍိတဝတ္ထု၊ သင်္ခပုဏ္ဏားဝတ္ထု၊ သောနဒိန်ဝတ္ထု၊ ခေမာမိဖုရားဝတ္ထု၊ သူရဲကောင်းကောဋ္ဌတိမ္ဗရဝတ္ထု၊ ဂေါပါလဝတ္ထု၊ ဗြဟ္မဒတ်မင်းဝတ္ထု၊ သုဏိသာဝိမာနဝတ္ထု၊ ပဥ္စသီလသမာဒါနိယမထေရ်ဝတ္ထု၊ သာမညဘိက္ခုနှင့် မဌကုဏ္ဍလီဝတ္ထု၊ ဓဇဒါယကာဝတ္ထု၊ ခင်ပုပ်ငှက်ဝတ္ထု၊ ဧကဒီပိကဝတ္ထု၊ ရှင်သီဝလိဝတ္ထု၊ သုဘဒ္ဒရဟန်းဝတ္ထု၊ ပဥ္စပေါသထဝတ္ထု၊ အာဠဝကဝတ္ထု၊ ဝိမာနဝတ္ထု၊ ကောဋ္ဌတိမ္ဗရဝတ္ထု၊ ရေဝကပတ္တဝတ္ထုနှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ယူခဏ်းဝတ္ထုတို့ဖြစ်သည်။

ဦးပုညသည် ဝတ္ထုစာပေ၌လည်း ထူးချွန်ကောင်းမွန်ပြီး ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် စံနမူနာဖြစ်သည်။ အသုံးအနှုန်းများမှာ သူ့နေရာနှင့်သူ ကွက်တိဖြစ်၍ ဖတ်သူ၊ နားထောင်ရသူပရိသတ်များကြား ရေပန်းစားသော အသုံးအနှုန်းများဖြစ်လာသည်။ ဥပမာပြရလျှင် "အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ ဧကရာဇ်၊ လေးပစ်သူဘုရားကျွန်တော်၊ ကြံဖော်ကြံဖက်၊ သုံးယောက်သားအနက်တွင်မှ၊ ကံကွက်ကျား၍ ငမိုက်သားမုဆိုးလေ၊ နင်ချည်းပင် သေပေတော့ဟု၊ ငွေတောင်အဟန်၊ ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော့်အားသတ်လျှင်လည်း၊ မလွတ်နိုင်ရာ၊ သေရပါတော့မည်။ ကရုဏာရှေ့ရှု၊ လွှတ်တော်မူလျှင်လည်း၊ လူမလိမ္မာ ကျွန်မိစ္ဆာသည်၊ ချမ်းသာရပါ တော့မည်ဘုရား"ဟု လျှောက်ထားတောင်းပန်သည့်စကားသည် ဝတ္ထုစာပေလောက၌ ထိပ်တန်းပင်ဖြစ်ချေသည်။ ထို့ကြောင့် ဦးပုညကို မြန်မာစာပေလောက၌ အထူးချွန်ဆုံးသော ဝတ္ထုရေးဆရာ၊ ပြဇာတ်စာရေးဆရာဖြစ် သတ်မှတ်ကြသည်။အကောင်းဆုံး ပြဇာတ်ရေးသူအဖြစ်သာမက ဇာတ်လမ်း၊ ဇာတ်ကောင်များကို ဖွင့်လှစ်တင်ပြရာ၌ ဇာတ်လောကတွင် ယခုခေတ်တိုင်အောင် သာလွန်သည်ဟုဖော်ပြကြသည်။

ဦးပုညသည် ဘုရင်၊ မင်းညီမင်းသားနှင့် မိဖုရားများက တိုက်တွန်းသဖြင့် ပြဇာတ်များကို ရေးသားစီကုံးပေးခဲ့ရလေသည်။ မင်းတုန်းမင်း၏ အမိန့်ဖြင့် ယိုးဒယားဇင်းမယ်ကိုနိုင်သည့်အကြောင်း ယိုးဒယားနိုင် မော်ကွန်းကိုရေးစေခြင်း၊ နန်းတွင်းမိဖုရားတချို့ဖောက်ပြန်ကြသဖြင့် ပဒုမပြဇာတ်ကို ညတွင်းချင်းအပြီးရေးသားစေခြင်း၊ ဘုရင့်သားတော်တချို့ဆိုးသွမ်းသောကြောင့် ဝိဇယပြဇာတ်ကို ရေးသားစေခြင်းများရှိခဲ့သည်။ ပြဇာတ်များအနေဖြင့် ပဒုမပြဇာတ်၊ ဂင်္ဂါမာလပြဇာတ်(ရေသည်ပြဇာတ်)၊ ဝိဇယပြဇာတ်၊ ကောသလပြဇာတ်၊ ဝေဿန္တရာပြဇာတ်၊ မဟော်သဓာပြဇာတ်၊ ဝါသုဒေဝပြဇာတ်၊ ကုသပြဇာတ်(တစ်ပိုင်းရေးဆဲ)တို့ဖြစ်ကြသည်။ ဂင်္ဂါမာလပြဇာတ် သို့မဟုတ် ရေသည်ပြဇာတ်သည် ကုန်းဘောင်ခေတ်နှောင်းတွင် ပေါ်ထွန်းခဲ့သော စာဆိုပညာရှိ စလေဦးပုည၏ ထင်ရှားကျော်ကြားသည့် ပြဇာတ်တစ်ပုဒ်ဖြစ်သည်။ ကနောင်မင်းသားက မင်းတုန်းမင်းအပေါ် အထင်အမြင်လွဲမှားစိတ်ကွက်မှုကို နောင်တရ၍ ကျေးဇူးသိတတ်သူတစ်ဦးအဖြစ် ကနောင်မင်းသားက စာဆိုဦးပုညကို ရေးသားတင်သွင်းစေခဲ့ခြင်းဖြစ်သည်။

**အခြားအပိုင်း**

အခြားအပိုင်းအနေဖြင့် ဦးပုညရေးသားထားသည့်စာများစွာရှိပေသည်။ အဆိုပါစာများမှာ ဆွမ်းတော်ကြီးနိဒါန်း၊ သာသနာလျှောက်လွှာ၊ မှာတမ်း၊ ကျောင်းရေစက်ချဆုတောင်းစာ၊ ဗေဒင်ဆောင်းပါး၊ အရပ်ရပ်တရားဟော စာပုဒ်ရေ ၂၂ ပုဒ်တို့ဖြစ်သည်။

ဦးပုည၏ ညာဘက်လက်မှာ တံတောင်ဆစ်မှ လက်ဖျားထိသေးသိမ်၍ အသုံးမပြုနိုင်ချေ။ ထိုသို့ ညာဘက်လက်သေးသိမ်သည်မှာ ဝမ်းတွင်းပါဖြစ်ချေသည်။ ထို့ကြောင့် စာရေးသားရာတွင် ဘယ်လက်ဖြင့်ရေးသားရရာ ပုရပိုက်ကို ဒေါင်လိုက်ထား၍ ရေးသားရပေသည်။ ထိုသို့ရေးသားရသော်လည်း လက်ရေးမှာ အလွန်မြန်ခြင်း၊ ညီညွတ်လှပခြင်း၊ ဖျက်ရာမရှိခြင်းဖြစ်၍ အထူးပင် ချီးမွမ်းရန်ကောင်းပေသည်။ တေးထပ်၊ ရကန်၊ လေးချိုး၊ ဒွေးချိုးစသည်တို့ကို ရေးသားသောအခါ မရေးသားမီ ဆေးပေါ့လိပ်တစ်လိပ်ကိုကုန် အောင်သောက်ကာ ထည့်သွင်းလိုသည်တို့ကို စဉ်းစား၍ အစအဆုံး တောက်လျှောက်ရေးသားသီကုံးသည်။ စာတစ်ခါရေးလျှင် ပေရွက်ပေါ်မှကျသော **စာမျက်နှာ ၅ သို့** á

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## အမြင့်ဆုံးသို့.....

- အပေါ်အမြင့်တက်မယ်လို့
မျှော်လင့်ချက် အောင်စိတ်အကြံနဲ့
ဆောင်ဗိမာန် ပထမအထပ်
ခဏရပ်ခိုက် သင့်အပေါ်မှာ။

- မြေညီထပ်မှာလ
အခြေမှီကပ်ကာ ကျန်ရစ်သူတို့
ညံ့ဟစ်ဆူ အမနာပတွေက
ကြားရ မခံသာဘု
နားဝ လျှံလာ။

- တစ်ဆင့်ထက် တစ်ဆင့်
မြင့်သည်ထက် မြင့်စေဖို့
နှေးမဖင့် အရှိန်မှန်မှန်နဲ့
တိမ်ယံချီ အစွမ်းထိုက်သမျှရယ်လို့
လှမ်းလိုက်ပ့ါ မြင့်သည့်အခါ
စွင့်ကြည့်ပါ သင့်နှစ်ဖက်နား။

- တိုးလျက်မသဲကွဲအောင်ပ
အငြိုးအမျက်အဆဲတွေ မပီတိမ်ဝင်လို့
သည်အချိန်တွင် ဘယ်ဆီပျောက်ပါလိမ့်
ရွယ်ရည်ရောက် အဖျားတစ်ခွင်ဆီက
ကြားချင်သည် ဆိုသော်မှ
ကြားရသေးလား။
(ခုတော့လေ.....)
နားဝအေးသွား။ ။

**ချစ်စုအောင်**

## ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကျောက်မြောင်း ဒီဇင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် မတ်ပဲ ၁၂၆၅ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ မတ်ပဲ ၁၂၆၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၈၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မတ်ပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

အမှုန်အမွှားမှာ နို့ဆီသုံးဘူးခန့်ရရှိကြောင်း မှတ်သားရသည်ဟုဆိုသည်။

**သူ၏ဆရာနှင့် သူ၏ခေတ်ပြိုင်**

ဦးပုညာ၏ဆရာမှာ ရာမရကန်ဦးတိုးဖြစ်ပြီး ဦးပုည၏ အဖွဲ့အနွဲ့တို့တွင် ဦးတိုး၏ ရာမရကန်အရိပ်က ထင်ဟပ်လျက်ရှိသည်။ ဥပမာအနေဖြင့်ဆိုရလျှင် ရာမရကန်တွင် "ကဝိလက္ခဏာ၊ သေချာစေ့စပ်၊ အရပ်ရပ်ပင်၊ သဒ္ဒတ်မတာ၊ စပ်မတာဘူး" နှင့် "လံကခေါ၊ လောကခံ" ဆိုပြီးပါရှိသည်ကို ဦးပုညက သူ၏မေတ္တာစာတွင် "အဘိဓ္ဓဒိဋ္ဌိခမ္ဘော၊ ရွှံ့စရာ့ လံကခေါတွင်၊ သံယောဇဉ်မဖြစ်လို"ဟု အတုယူရေးသားခဲ့သည်။ ပြောရမည်ဆိုလျှင် အက္ခရာဝိပရိယာယပြုခြင်း တစ်နည်းဆိုသော် အက္ခရာပြောင်းပြန်ပြုခြင်းကို မှီးခဲ့သည်ဟု ဆိုရပေမည်။ ဥပမာ ဦးတိုး၏ "အုန်းတစ်လုံး အသုံးချနည်း"ကိုမူတည်ပြီး ဦးပုညက "နွားတစ်ကောင်လုံး အသုံးချနည်း"ကို ရေးခဲ့လေသည်။ ခေတ်ပြိုင်ကဗျာတွင် ဦးပုညနှင့် အချုပ်တန်းဆရာဖေ၊ ပြဇာတ်တွင် ဦးပုညနှင့် ဦးကြင်ဥတို့ရှိကြရာ ဆရာဖေနှင့်က ကဗျာအပြန်အလှန်စပ်နေကျဖြစ်သည်။ ဆရာဖေက "စာမကုံးချင်ဘု၊ လုံးလုံးကြီးစိတ်နာ၊ ခုအခါ၊ တို့သူငါ သေအောင်ကောင်းစေတော့၊ ရေးအကြောင်းရင်း ကုသိုလ်ဖန်၊ နိုင်ငံမှာ ပုညတဲ့"ဟုဆိုလျှင် ဦးပုညက "ခါးတောင်းကျိုက်၊ ပိတုန်းပိတ်ကယ်နှင့်၊ ကျုံးထိပ်က ငဖေ"ဟူ၍ အစချီကာ ပြန်ရေးခဲ့သည်။

**စာဆိုဦးပုည**

ဦးပုညအကြောင်းရေးရမည်ဆိုလျှင် ဆောင်းပါးအစောင်စောင်ဖြင့် အခန်းဆက်ရေးသားရပေတော့မည်ဖြစ်ပြီး သူ့အကြောင်းနှင့် သူ၏စာကဗျာများသည် ပြောမဆုံးပေါင်၊ တောသုံးထောင်များ ဖြစ်ကြရပေသည်။ ပြောပြီးရင်း ပြောနေရမည့်၊ ရေးပြီးရင်း ရေးနေရမည့် မကုန်နိုင်မခန်းနိုင်သော အကြောင်းအရပ်များပင်ဖြစ်ပေသည်။ ကဗျာတွင်လည်း ရေးစပ်ဖွဲ့နွဲ့သမျှတို့သည် ရယ်ရွှင်ဖွယ် လောကဟာသအမြင်ဖြင့် ပြောင်မြောက်အောင် ပါရမီဓာတ်ခံရှိသူတစ်ဦးဖြစ်ပြီး မြန်မာဝတ္ထု၊ ပြဇာတ်များဘက်တွင်လည်း ဇာတ်လမ်းဇာတ်ကွက်ကောင်းခြင်း၊ အဆန်းတကြယ်ဖြစ်ခြင်းတို့ကြောင့် ကျော်စောခြင်းမဟုတ်ဘဲ လူ့ရုပ်၊ လူ့သဘောသဘာဝတို့ကို ပီပြင်ပီသအောင် ဖော်ပြဖန်ဆင်းပြနိုင်သောကြောင့် ကျော်စောခြင်းဖြစ်သည်ဟုနှိုင်းယှဉ်ပြောလေ့ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ ဦးပုညသည် စာကျမ်းကျေသူ၊ အာဝဇ္ဇန်းရွှင်သူ၊ တန်ဇာပွတ္တိဉာဏ်လျင်သူ၊ ဇဝနဉာဏ်ရွှင်သူဖြစ်သည့်အပြင် စာပေလောကတွင် ရှာမှရှားသည့် စာပေပညာရှင်တစ်ဦး၊ အတုယူလေးစား မှတ်သားဖွယ်ရာ စာဆိုတော်တစ်ဦးအဖြစ် အမြဲအမှတ်ထင်ထင်ဖြစ်နေမည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

**ကိုးကား**

- **ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း**
- **လှသမိန်၏ ဦးပုညတေးထပ်ပေါင်းချုပ်**
- **တင်ထွေး၏ ဦးပုည၏ စာပန်းကုံး ပ/ဒုတွဲ**
- **ဦးမောင်မောင်တင်၏ စလေဦးပုည**

## ညောင်တုန်းမြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း ဒီဇင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ဒီဇင်ဘာလ ပထမပတ်မှ ယနေ့ထိ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာပြီး ဒေသထွက်ပဲလွမ်းဖြူများ အထွက်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။


"ဒေသထွက် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခုလ ပထမပတ်လောက်ကနေပြီး သိသိသာသာ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲလွမ်းဖြူအထွက်နည်းလာတာနဲ့အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်။ လက်ရှိ ဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ သိပ်မထွက်သေးပါဘူး"ဟု ညောင်တုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြင့်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ပဲလွမ်းဖြူ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ပဲလွမ်းဖြူအပြင် လယ်ယာထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံကလွှတ်တင်ခဲ့သည့် ဂြိုဟ်တုတစ်စင်းနှင့် စတားလင့်ခ်ဂြိုဟ်တုတစ်စင်းတို့ တစ်စင်းနှင့်တစ်စင်း ဝင်တိုက်မိလုနီးပါးဖြစ်ခဲ့




ဝါရှင်တန် ဒီဇင်ဘာ ၁၅

တရုတ်နိုင်ငံက လွှတ်တင်ခဲ့သည့် ဂြိုဟ်တုတစ်စင်းနှင့် အမေရိကန်အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်ဂြိုဟ်တုတစ်စင်းတို့ တစ်စင်းနှင့်တစ်စင်း ဝင်တိုက်မိလုနီးပါးဖြစ်ခဲ့ရကြောင်း စပေ့စ်အိတ်ကုမ္ပဏီက ထုတ်ပြန်ထားကြောင်း ဒီဇင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

စတားလင့်ဂြိုဟ်တုနှင့် ဝင်တိုက်လုနီးပါး အကွာအဝေးသို့ ရောက်ရှိခဲ့သည့်ဂြိုဟ်တုမှာ တရုတ်နိုင်ငံအခြေစိုက် CAS Space ကုမ္ပဏီက ဒီဇင်ဘာ ၉ ရက်တွင် လီကျီယန်-၁ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သော ဂြိုဟ်တုကိုးစင်းထဲတွင် ပါဝင်သည့် ဂြိုဟ်တုဖြစ်ကြောင်း စပေ့စ်အိတ်တာဝန်ရှိသူများက ပြောကြားသည်။

အာကာသပဟင်းလင်းပြင်အတွင်း ရှိနေသော အခြားဂြိုဟ်တုများနှင့် ချိန်ဆနေရာချမှု မရှိခဲ့ခြင်းကြောင့် CAS Space ကုမ္ပဏီ၏ ဂြိုဟ်တုတစ်စင်းသည် စပေ့စ်အိတ်၏ စတားလင့်ခ်-၆၀၇၉ အမည်ရှိဂြိုဟ်တုကို မီတာ ၂၀၀ အကွာ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း စပေ့စ်အိတ်ကုမ္ပဏီ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၅၆၀ အကွာတွင် တည်ရှိသော ပတ်လမ်းပေါ်၌ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာကာသပဟင်းလင်းပြင်အတွင်း ဂြိုဟ်တုများတစ်စင်းနှင့်တစ်စင်း ဝင်တိုက်မည့်အန္တရာယ်ကို လျှော့ချရေးအတွက် ဂြိုဟ်တုလွှတ်တင်ရေး ကုမ္ပဏီများကြား ညှိနှိုင်းရန်လိုအပ်ကြောင်း စပေ့စ်အိတ်ကုမ္ပဏီမှတာဝန်ရှိသူများက ပြောကြားသည်။

Ref : Sputnik News
Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက စမ်းသပ်အာကာသယာဉ်တစ်စင်းနှင့် ဂြိုဟ်တုတစ်စင်းတို့ကို ကွိကျိုး-၁၁ Y-8 ဒုံးပျံဖြင့် လွှတ်တင်ခဲ့

ပေကျင်း ဒီဇင်ဘာ ၁၅

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် စမ်းသပ်အာကာသယာဉ်တစ်စင်းနှင့်ဂြိုဟ်တုတစ်စင်းတို့ကို ဒီဇင်ဘာ ၁၃ ရက်တွင် ကွိကျိုး-၁၁ Y-8 ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

DEAR- 5 အမည်ရှိ စမ်းသပ်အာကာသယာဉ်နှင့် ရှီဝန်-၅ အမည်ရှိ ဂြိုဟ်တုတို့ကို သယ်ဆောင်ထားသည့် ကွိကျိုး-၁၁ Y-8 ဒုံးပျံကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချီကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ကွိကျိုး-၁၁ Y-8 ဒုံးပျံသည် DEAR- 5 အာကာသယာဉ်နှင့် ရှီဝန်-၅ ဂြိုဟ်တုတို့ကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ် အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

DEAR- 5 အာကာသယာဉ်သည် AZSPACE ကုမ္ပဏီက တည်ဆောက်ထားသော စမ်းသပ်အာကာသယာဉ်ဖြစ်ပြီး ကုန်စည်အလေးချိန် ကီလိုဂရမ် ၃၀၀ တင်



ဆောင်၍ ကမ္ဘာ့ပတ်လမ်းပေါ်၌ အနည်းဆုံးတစ်နှစ်ကြာ ပျံသန်းနိုင်ကြောင်း သိရသည်။

ရှီဝန်-၅ ဂြိုဟ်တုမှာ တရုတ်အာကာသနှင့် နည်းပညာအကယ်ဒမီက တည်ဆောက်ထားသော နည်းပညာ စမ်းသပ်ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၃ ရက် မစ်ရှင်သည် အလေးချိန်တစ်တန်ရှိ ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၇၀၀ အတွင်းရှိ ပတ်လမ်းပေါ်သို့ပို့ဆောင်ပေးနိုင်သော ကွိကျိုး-၁၁ ဒုံးပျံများ၏ စတုတ္ထမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## နေကိုအနီးဆုံးမှတ်မှဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် 31/ATLAS ကြယ်တံခွန်၏ အလင်းအားပိုကောင်းလာကာ ပို၍အစိမ်းရောင်သမ်းလာ

ဝါရှင်တန် ဒီဇင်ဘာ ၁၅

ရေဒီယိုတယ်လီစကုပ်ဓာတ်ပုံအထောက်အထားများအရ နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် 31/ATLAS ကြယ်တံခွန်၏အလင်းအားမှာ ပိုကောင်းလာပြီး ပို၍လည်း အစိမ်းရောင်သမ်းလာကြောင်း ဒီဇင်ဘာ ၁၄ ရက်သတင်းများအရသိရသည်။

အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီကျွန်း၌ထားရှိသည့် ဂျီမီနီနော့သ် ရေဒီယိုတယ်လီစကုပ်က နိုဝင်ဘာ ၂၆ ရက်တွင် ရိုက်ကူးခဲ့သည့် ဓာတ်ပုံများအရ 31/ATLAS ကြယ်တံခွန်သည် နေကိုအနီးကပ်ဖြတ်ကျော်ခဲ့ပြီးနောက်ပိုင်း လှုပ်ရှားမှု အားအကောင်းဆုံးအချိန်သို့ ရောက်ရှိနေကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်သည် ယခုနှစ်အောက်တိုဘာလကုန်ပိုင်းတွင် နေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် လက်ရှိအချိန်တွင် ကမ္ဘာမြေဘက်သို့ ဦးတည်ပျံသန်းလျက်ရှိသည်။

နေကိုအနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့ပြီးချိန်တွင် 31/ATLAS ကြယ်တံခွန်၏ အလင်းအားမှာ ပို၍အားကောင်းလာပြီး အရောင်အဆင်းမှာလည်း အစိမ်းရောင်ပိုသမ်းလာသည်ကို တွေ့ရကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

31/ATLAS ကြယ်တံခွန်သည် လာမည့် ဒီဇင်ဘာ ၁၉ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်မည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## အသည်းရောင်ရောဂါစီပိုး ရှိ မရှိကို အချိန်တိုအတွင်း ဖော်ထုတ်ပေးနိုင်မည့် ရောဂါစစ်ဆေးနည်း သုတေသနပညာရှင်များ ဖန်တီးထား

နယူးယောက် ဒီဇင်ဘာ ၁၅

အမေရိကန်နိုင်ငံ နော့သ်ဝက်စ်သမ်းတက္ကသိုလ် သုတေသနပညာရှင်များသည် အသည်းရောင်ရောဂါစီပိုး ကူးစက်ခံထားရခြင်း ရှိ မရှိကို အချိန်တိုအတွင်း ဖော်ထုတ်ပေးနိုင်မည့် ရောဂါစစ်ဆေးနည်းတစ်မျိုး ဖန်တီးထားကြောင်း ဒီဇင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ ဖန်တီးထားသည့် ရောဂါစစ်ဆေးနည်းသည် အသည်းရောင်ရောဂါ စီပိုး ရှိ မရှိကို ၁၅ မိနစ်အတွင်း ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ရောဂါစစ်ဆေးနည်းသည် အသည်းရောင်ရောဂါ စီပိုး ရှိ မရှိကို တစ်ထိုင်တည်းဖော်ထုတ်နိုင်ပြီး အမြန်ဆုံးကုသမှုစတင်ပေးနိုင်မည်ဖြစ်ရာ အသည်းရောင်ရောဂါစီပိုးပြဿနာကို ကိုင်တွယ်ရာတွင် များစွာအထောက်အကူပေးနိုင်သည်ဟု အမေရိကန်သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

နော့သ်ဝက်စ်သမ်းတက္ကသိုလ်မှ အမေရိကန်သုတေသနပညာရှင်များ၏ ရောဂါစစ်ဆေးနည်းသည် လက်ရှိအသုံးပြုနေသော အသည်းရောင်ရောဂါစီပိုးစစ်ဆေးနည်းများထက် ရောဂါကို ရှာဖွေရာတွင် ၇၅ ရာခိုင်နှုန်း ပို၍မြန်ဆန်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အသီးအရွက် အဓိကစားသုံးသည့် ကလေးများ အသားစားသည့်ကလေးများနှင့်နှိုင်းယှဉ်လျှင် အရပ်ပိုနိမ့်

နယူးယောက် ဒီဇင်ဘာ ၁၅

အသီးအရွက် အဓိကစားသုံးသည့် ကလေးများသည် အသားကို အဓိကစားသုံးသည့် ကလေးများနှင့် နှိုင်းယှဉ်ပါက အရပ်အမောင်း ပိုနိမ့်နေတတ်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အမေရိကန်၊ အီတလီနှင့် ဩစတြေးလျသုတေသနပညာရှင်များသည် ကလေး ၄၀၀၀၀ ကျော်တို့၏ အစားအစာ စားသောက်ပုံနှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အသီးအရွက် အဓိကစားသုံးသည့် ကလေးများသည် အသားအဓိကစားသုံးသည့် ကလေးများနှင့်နှိုင်းယှဉ်ပါက ပျမ်းမျှအားဖြင့် လေးစင်တီမီတာ ပို၍ အရပ်နိမ့်နေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အသီးအရွက် အဓိကစားသုံးသည့် ကလေးများသည် အသားအဓိကစားသည့် ကလေးများနှင့်နှိုင်းယှဉ်ပါက ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်း (BMI) လည်း ပို၍နည်းပါးကြောင်း၊ BMI အညွှန်းကိန်း ပုံမှန်ထက်နည်းပါးပါက ကလေးများအနေဖြင့် ကိုယ်အလေးချိန် ပုံမှန်ထက်နည်းပါးမှု ပြဿနာနှင့် ရင်ဆိုင်ရနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

အပင်အခြေခံ ဓာတ်စာများတွင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် ကယ်လ်စီယမ်၊ သံဓာတ်၊ ဗိုက်တာမင်-12 နှင့် အိုင်အိုဒင်းကဲ့သို့ အာဟာရဓာတ်များ ပါဝင်မှုနည်းပါးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

### ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေ

၁၅-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၁၄၅ | ၈၇ | ၆၀ | ၂၉၂ |
| ၂ | အင်ဒိုနီးရှား | ၅၂ | ၆၅ | ၆၄ | ၁၈၁ |
| ၃ | ဗီယက်နမ် | ၄၀ | ၄၇ | ၇၀ | ၁၅၇ |
| ၄ | စင်ကာပူ | ၃၄ | ၃၂ | ၃၉ | ၁၀၅ |
| ၅ | မလေးရှား | ၂၆ | ၂၈ | ၈၀ | ၁၃၄ |
| ၆ | ဖိလစ်ပိုင် | ၂၅ | ၃၈ | ၇၉ | ၁၄၂ |
| ၇ | မြန်မာ | ၃ | ၁၇ | ၂၂ | ၄၂ |
| ၈ | လာအို | ၂ | ၆ | ၁၆ | ၂၄ |
| ၉ | ဘရူနိုင်း | ၁ | ၃ | ၄ | ၈ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပြီး ဆုတံဆိပ်များ ထပ်မံရရှိထား




**ရန်ကုန် ဒီဇင်ဘာ ၁၅**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များက ယနေ့ ကျင်းပခဲ့သည့်အားကစားနည်းများ အလိုက် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုတံဆိပ်များထပ်မံ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲ ဝူရှူးပြိုင်ပွဲ အမျိုးသားထောက်လု (လက်နက်မဲ့) အလှပြအားကစားနည်းတွင် တင့်ထူးဝေနှင့် ရဲရင့်အောင်တို့က ငွေတံဆိပ်၊ အမျိုးသမီးထောက်လု (လက်နက်ပါ) အလှပြအားကစားနည်းတွင် သုပန်ထွာနှင့် ခိုင်စန္ဒာစိုးတို့က ကြေးတံဆိပ်၊ ဝူရှူး ၅၆ ကီလိုတန်း အတိုက်အားကစားနည်းတွင် ချယ်ရီသန်းက ငွေတံဆိပ်တို့ကို အသီးသီးဆွတ်ခူးကြခဲ့သည်။

ဆက်လက်ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား+ အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပထမပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့်ကစားခဲ့ရာ (၉-၁၅)မှတ်၊ (၁၅-၉)မှတ်၊ (၈-၁၅)မှတ် နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ အုပ်စုဒုတိယပွဲစဉ်အဖြစ် မလေးရှားအသင်းနှင့်ကစားခဲ့ရာ (၈-၁၅)မှတ်၊ (၁၃-၁၅)မှတ် နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့သော်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် အင်ဒိုနီးရှားအသင်းနှင့်ကစားခဲ့ရာ (၁၃-၁၅)မှတ်၊ (၁၀- ၁၅)မှတ် နှစ်ပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ကြေးတံဆိပ်နှင့်သာ ကျေနပ်ခဲ့ရသည်။

အလားတူ အမျိုးသား ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်း၊ အင်ဒိုနီးရှားအသင်းတို့နှင့် ကစားခဲ့ရာ နှစ်ပွဲလုံး သုံးပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသော်လည်း အဆင့်သတ်မှတ်ချက် ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲ ယနေ့ပွဲစဉ်များအပြီးတွင် မြန်မာနိုင်ငံက ရွှေသုံးခု၊ ငွေ ၁၇ ခု၊ ကြေး ၂၂ ခု စုစုပေါင်း ဆုတံဆိပ် ၄၂ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၇)နေရာ၌ ဆက်လက်ရပ်တည်လျက်ရှိကြောင်း သိရသည်။

STA

# ဆီးဂိမ်း မွေထိုင်းပြိုင်ပွဲတွင် မြန်မာရိုးရာလက်ဝှေ့အဖွဲ့ ဆက်လက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ မွေထိုင်းပြိုင်ပွဲတွင် မြန်မာရိုးရာလက်ဝှေ့အဖွဲ့က ဒီဇင်ဘာ ၁၆ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာရိုးရာလက်ဝှေ့အဖွဲ့သည် ယနေ့ ကျင်းပခဲ့သည့် မွေထိုင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် အမျိုးသား ၅၄ ကီလိုတန်း ပွဲစဉ်တွင် စောကဲဒိုက ထိုင်းဖိုက်တာကိုလည်းကောင်း၊ အမျိုးသမီးကီလို ၆၀ တန်းတွင် အဲလိဇဘတ်က ဗီယက်နမ်ဖိုက်တာကို လည်းကောင်း၊ မာလာဝင်းက လည်း ထိုင်းဖိုက်တာကိုလည်းကောင်း အသီးသီး ရှုံးနိမ့်ခဲ့သော်လည်း ကစ်ဘောက်ဆင်ပြိုင်ပွဲတွင် မေသဇင်ထူး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အင်ဒိုနီးရှားဖိုက်တာကို အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲ အဆင့်သို့ တက်ရောက်ခဲ့ကာ ဗိုလ်လုပွဲအဆင့်တွင် ထိုင်းဖိုက်တာနှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ထွန်းမင်းအောင်က အမျိုးသား ၇၁ ကီလိုတန်းတွင် ထိုးသတ်ရန် စီစဉ်ထားသော်လည်း သတ်မှတ်ဝိတ်တန်း မဝင်ရောက်ခဲ့သည့်အတွက် ကစားခွင့်မရခဲ့ခြင်းဖြစ်သည်။

မြန်မာရိုးရာလက်ဝှေ့အဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက်တွင် မွေထိုင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်း၌ စူပါရေချမ်းက အိမ်ရှင် ထိုင်းဖိုက်တာ၊ အမျိုးသား ၅၇ ကီလိုတန်း၌ သွေးလင်းထက်က အိမ်ရှင်ထိုင်းဖိုက်တာ၊ အမျိုးသား ၅၁ ကီလိုတန်း၌ ထန်ခွီးရှိန်းက မလေးရှားဖိုက်တာ၊ အမျိုးသား ၄၅ ကီလိုတန်းတွင် စောမြတ်မိုးက ဖိလစ်ပိုင်ဖိုက်တာတို့နှင့် အသီးသီးယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ဘာစီလိုနာအသင်းသမိုင်းတွင် ပွဲ ၁၅၀ ပြည့်မြောက်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ပက်ဒရီ မှတ်တမ်းဝင်



**ဘာစီလိုနာ ဒီဇင်ဘာ ၁၅**

ဘာစီလိုနာအသင်းက အိုဆာဆူနာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ပါဝင်ကစားပေးခဲ့သည့် ပက်ဒရီသည် အသင်းသမိုင်းတစ်လျှောက် လာလီဂါပြိုင်ပွဲ ၁၅၀ ပြည့်မြောက်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း SI သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

ယခင်က ဘာစီလိုနာအသင်းတွင် တိုက်စစ်မှူးမက်ဆီက အသက် ၂၃ နှစ် ၁၂၁ ရက်ဖြင့် လာလီဂါပြိုင်ပွဲ ၁၅၀ ပြည့်မြောက်သည့် အသက်အငယ်ဆုံးကစားသမားစံချိန်ကို ရထားသော်လည်း ယခုအခါ လူငယ်ကစားသမားပက်ဒရီက အသက် ၂၃ နှစ် ၁၈ ရက်သာ ရှိသေးသဖြင့် မက်ဆီ၏စံချိန်ကို ကျော်ဖြတ်ကာ မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ပက်ဒရီသည် ဘာစီလိုနာအသင်းကြီးနှင့် ၂၀၂၀-၂၀၂၁ ဘောလုံးရာသီကစတင်ပါဝင်ခဲ့ရာ ပွဲဦးထွက်ဘောလုံးရာသီတွင် လာလီဂါပြိုင်ပွဲ ၃၇ ပွဲ၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတွင် ၁၂ ပွဲ၊ ၂၀၂၂- ၂၀၂၃ ဘောလုံးရာသီတွင် ၂၆ ပွဲ၊ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ၂၄ ပွဲ၊ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ၃၇ ပွဲ၊ ၂၀၂၅- ၂၀၂၆ ဘောလုံးရာသီတွင် ၁၄ ပွဲ ပါဝင်ကစားခဲ့ပြီး လာလီဂါပြိုင်ပွဲ ၁၅၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ပက်ဒရီသည် ပွဲထွက်စာရင်းတွင် ပါဝင်ခဲ့ပြီး အသင်းကို ပွဲကစားချိန် မိနစ် ၇၀ တွင် ၎င်း၏ဂိုးဖန်တီးမှုဖြင့် ဦးဆောင်ဂိုးရရှိအောင် စွမ်းဆောင်ခဲ့ပြီး လာလီဂါပွဲစဉ် ငါးပွဲ၌ ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : SI

Trs : ML

# 2025 PGA TOUR Q-School ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုဆွတ်ခူးခဲ့သူ အက်ဝပ်အပါအဝင် ပြိုင်ပွဲဝင် ငါးဦး ၂၀၂၆ ခုနှစ် PGA Tour card ရရှိ



**ဖလော်ရီဒါ ဒီဇင်ဘာ ၁၅**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပခဲ့သည့် 2025 PGA TOUR Q-School ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကနေဒါဂေါက်သီးရိုက်ကစားသမား အက်ဝပ်သည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးခဲ့ပြီး ၂၀၂၆ ခုနှစ် PGA Tour များတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် PGA Tour card ကို ရရှိခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့စီရိုက်ခဲ့သည့် ကနေဒါ ဂေါက်သီးရိုက်ကစားသမား စဗန်ဆင်၊ အာဂျင်တီးနားဂေါက်သီးရိုက် ကစားသမား တော့တီ၊ ကိုလံဘီယာ ဂေါက်သီးရိုက်ကစားသမား ရိုဗိုတို့က အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဒိုင်လန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကာ အဆိုပါကစားသမား ငါးဦးလုံး PGA Tour card အသီးသီးရရှိခဲ့ကြသည်။

ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး PGA Tour card ကို ရရှိခဲ့သည့် အက်ဝပ်က "ပွဲအပေါ်မှာ သေချာအာရုံစိုက်ဖြစ်ခဲ့ပါတယ်။ ချန်ပီယံဖြစ်ခဲ့သလို ၂၀၂၆ ခုနှစ်အတွက်လဲ PGA Tour card ကိုရခဲ့လို့ ဝမ်းသာဂုဏ်ယူရပါတယ်။ ဂေါက်သီးရိုက်ကစားသမားတိုင်းရဲ့ အိပ်မက်ဟာ PGA Tour ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖို့ ဖြစ်ပါတယ်။ ပြိုင်ပွဲ ယှဉ်ပြိုင်နေတုန်းမှာ ကျွန်တော့်အနေနဲ့ အမှတ်ပေးဇယားရပ်တည်မှုကို လုံးဝ သတိမထားခဲ့သလို လုံးဝလဲ မကြည့်ခဲ့ပါဘူး။ နောက်ဆုံးနေ့ရဲ့ နောက်ဆုံးကျင်းပြီးမှပဲ အမှတ်ပေးဇယားကို ကြည့်ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီရာသီအတွင်းမှာ အကောင်းဆုံး ကစားနိုင်ခဲ့တဲ့ ပြိုင်ပွဲတစ်ပွဲ ဖြစ်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : AZL

# ၂၀၅၀ ပြည့်နှစ်အရောက်တွင် ရေခဲပြင်တချို့အရည်ပျော်ကာ ပျောက်ကွယ်သွားဖွယ်ရှိကြောင်း အစ္စတန်ဘူးလ်နည်းပညာတက္ကသိုလ်မှ သုတေသီများက ထုတ်ပြန်



**အင်ကာရာ ဒီဇင်ဘာ ၁၅**

တူရကီယဲနိုင်ငံ အခြေစိုက် အစ္စတန်ဘူးလ် နည်းပညာ တက္ကသိုလ်မှ သုတေသီများက ရာသီဥတု ဖောက်ပြန်မှုများနှင့် ဆက်စပ်ပြီး ရေခဲပြင်များ အရည်ပျော်ကျမှုနှုန်း မြင့်မားနေခြင်းနှင့် ပတ်သက်ပြီး သုတေသနပြုလုပ်လျက်ရှိရာ သုတေသနရလဒ်အရ ရေခဲပြင်တချို့သည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ပျောက်ကွယ်သွားဖွယ် ရှိနေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၁၄ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ရေခဲပြင် အရည်ပျော်ကျမှုကြောင့် ရေမျက်နှာပြင်မြင့်တက်လာနိုင်ပြီး နိုင်ငံတချို့သည်လည်း ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်ကာ ရေခဲပြင်များ အရည်ပျော်ကျမှု ဖြစ်ပေါ်နေခြင်းဖြစ်သည့်အတွက် အပူချိန်မြင့်တက်မှုကို ထိန်းချုပ်နိုင်ရေးမှာ အရေးကြီးဆုံး ဖြစ်ကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်လာတယ်။ ကမ္ဘာ့မြေကြီးပူနွေးမှုနှုန်းက နှစ် ဒီဂရီစင်တီဂရိတ်ကနေ သုံးဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပြီးတော့ ရေခဲပြင်အရည်ပျော်ကျမှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ရေခဲပြင်တချို့ဟာ ၂၀၅၀ ပြည့်နှစ်လောက်ကျရင် လုံးဝကို ပျောက်ကွယ်သွားမဲ့ အခြေအနေဖြစ်ပါတယ်။ ရေခဲပြင်အရည်ပျော်ကျမှုနဲ့ ရေမျက်နှာပြင်တွေ မြင့်တက်လာနိုင်ပြီးတော့ နိုင်ငံတချို့ဟာလဲ ဆိုးရွားတဲ့ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ကမ္ဘာ့မြေကြီးပူနွေးမှုကို အမြန်ဆုံးထိန်းချုပ်သွားနိုင်ဖို့ လိုအပ်နေပါတယ်။ အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာပိုင်းဖက်က ရေခဲပြင်တွေဟာ အရည်ပျော်ကျမှုနှုန်းမြန်ဆန်နေပါတယ်" ဟု အစ္စတန်ဘူးလ် နည်းပညာ တက္ကသိုလ်မှ ပရော်ဖက်ဆာ အော်ဟန်အင်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ကိုလံဘီယာနိုင်ငံနှင့်ထိစပ်နေသည့် အမေဇုန်မြစ်တွင် ကျက်စားသော ရေနေသတ္တဝါများ မာကျူရီဓာတ်ညစ်ညမ်းမှုနှင့် ရင်ဆိုင်နေရ

**ဘိုဂိုတာ ဒီဇင်ဘာ ၁၅**

ကိုလံဘီယာနိုင်ငံနှင့်ထိစပ်နေသည့် အမေဇုန်မြစ်တွင် ကျက်စားသော ရေနေသတ္တဝါများ မာကျူရီဓာတ်ညစ်ညမ်းမှုနှင့် ရင်ဆိုင်နေရကြောင်း ဒီဇင်ဘာ ၁၄ ရက်သတင်းများအရ သိရသည်။

ကိုလံဘီယာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ခုဖြစ်သည့် Omacha Foundation အဖွဲ့သည် အော်ရင်နိုကိုမြစ်တွင် ကျက်စားနေသည့် ရေနေသတ္တဝါများနှင့် မြစ်၏ဂေဟစနစ်သည် မာကျူရီဓာတ်ညစ်ညမ်းမှုကြောင့် ပျက်စီးစပြုနေပြီဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အမေဇုန်မြစ်တစ်လျှောက်တွင် ကြီးထွားလာသော တရားမဝင်ရွှေတူးဖော်မှုနှင့် သစ်တောရှင်းလင်းခြင်းတို့ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း သိရသည်။

ရွှေတူးဖော်သည့် သတ္တုတွင်းလုပ်သားများသည် ရွှေကို ရွှံ့နုန်းအနည်အနှစ်များမှ ခွဲထုတ်ရန် မာကျူရီကို အသုံးပြုကြောင်း၊ ထို့နောက် မာကျူရီများ ပျော်ဝင်နေသည့် ရွှံ့နုန်းများကို မြစ်၏ ရေလမ်းကြောင်းများထဲသို့ စည်းကမ်းမဲ့စွန့်ပစ်လိုက်ကြောင်း၊ ထိုရွှံ့နုန်းအနည်အနှစ်များကို ပျော်ဝင်သောရေထုသည် ညစ်ညမ်းစပြုပြီး ရွှံ့နုန်းများကို စားသုံးမိသည့် ငါးများအပါအဝင် အဆိုပါဒေသမျိုးစိတ်ဖြစ်သည့် ရှားပါးပန်းရောင်မြစ်လင်းပိုင် ခေါ် ဘိုတိုများလည်း မာကျူရီအဆိပ်သင့်လာကြောင်း၊ သတ္တုတူးဖော်ရေး လုပ်ငန်းများ တိုးချဲ့လာခြင်းက မြစ်များ၏ ရေလမ်းကြောင်းများတွင် မာကျူရီဓာတ်ညစ်ညမ်းမှုကို မြင့်တက်လာစေကြောင်း သိရသည်။

မာကျူရီအဆိပ်သင့်သော ရေနေသတ္တဝါများနှင့် လူသားတို့တွင် ဦးနှောက်၊ ကျောက်ကပ်၊ အဆုတ်နှင့် ကိုယ်ခံအားစနစ်ကို ပျက်စီးစေနိုင်ပြီး မှတ်ဉာဏ်ချို့ယွင်းမှုနှင့် ကြွက်သားအားနည်းခြင်းတို့ကို ဖြစ်စေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အမေရိကန်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ၏ အဆိုအရ သိရသည်။

Ref : Russia Today
Trs : KZ

# အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၁၀၀၆ ဦးထိရှိလာပြီး ၂၁၇ ဦး ပျောက်ဆုံးနေဆဲဖြစ်

**ဂျကာတာ ဒီဇင်ဘာ ၁၅**

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းရှိ ပြည်နယ်သုံးခုတွင် ဒီဇင်ဘာလ ပထမပတ်က ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူဦးရေသည် ၁၀၀၆ ဦးထိရောက်ရှိလာပြီး ၂၁၇ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ (BNPB)၏ ဒီဇင်ဘာ ၁၄ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ဆူမတြားကျွန်း၏ အရှေ့မြောက် ကမ်းရိုးတန်းရှိ အာချေး၊ မြောက်ဆူမတြား၊ အနောက်ဆူမတြားပြည်နယ်တို့တွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိကာ သေဆုံးသူဦးရေမှာ နေ့စဉ်နှင့်အမျှ မြင့်တက်နေကြောင်း၊ လက်ရှိတွင် သေဆုံးသူအရေအတွက်သည် ၁၀၀၆ ဦးရှိပြီး ဒဏ်ရာရသူ ဦးရေ ၅၄၀၀၊ ပျောက်ဆုံးသူ ၂၁၇ ဦး ရှိလာကြောင်း BNPB အကြီးအကဲဖြစ်သူ ဆူဟာရီယာတို၏ ပြောကြားချက်အရ သိရသည်။



လက်ရှိတွင် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီသည် ပျောက်ဆုံးနေသူများ ရှာဖွေကယ်ဆယ်ရေးအပြင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများဖြစ်သော သွားလာရေးတွင် ပိတ်ဆို့နေသော အပျက်အစီးများ၊ ကျိုးကျနေသော သစ်ပင်များ၊ လမ်းများပေါ်တွင် တင်ကျန်နေသော ရွှံ့ညွှန်များ ရှင်းလင်းရေးတို့ကို ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဗီယက်နမ်နိုင်ငံ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းမည်

**ဟနွိုင်း ဒီဇင်ဘာ ၁၅**

ဗီယက်နမ်နိုင်ငံ ခန့်ဟောင်စီရင်စုတွင် နိုဝင်ဘာလကမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၁၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံကလည်း သံတမန်စေလွှတ်ကာ ကူညီပံ့ပိုးပေးရေးအတွက် ဗီယက်နမ်အာဏာပိုင်အဖွဲ့အစည်းနှင့် တွေ့ဆုံခဲ့ကြောင်း၊ ဘရာဇီးနိုင်ငံအနေဖြင့် မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ငွေကြေးအပြင် ခြုံစောင်ပေါင်း ၁၀၀၀ ကို လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

"မုန်တိုင်းအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဗီယက်နမ်ပြည်သူတွေအတွက် အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းသွားမှာဖြစ်သလို သန့်ရှင်းတဲ့ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက်လဲ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပံ့ပိုးသွားမှာလဲ ဖြစ်ပါတယ်။ မိတ်ဆွေနိုင်ငံဖြစ်တဲ့ ဗီယက်နမ်နိုင်ငံအတွက် အတတ်နိုင်ဆုံးကူညီပံ့ပိုးပေးသွားမှာလဲ ဖြစ်ပါတယ်" ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမစ်ဆူက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံ အခြေစိုက် ဗီယက်နမ်နိုင်ငံ သံရုံးတွင်လည်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတချို့နှင့် တွေ့ဆုံခဲ့ပြီးနောက် ကူညီပံ့ပိုးပေးရေးအတွက် ဒီဇင်ဘာ ၁၃ ရက်တွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အင်္ဂလန်နိုင်ငံ ကမ်ဘရီယာနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်

**လန်ဒန် ဒီဇင်ဘာ ၁၅**

အင်္ဂလန်နိုင်ငံ ကမ်ဘရီယာနယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ဒီဇင်ဘာ ၁၄ ရက်မှစ၍ ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ကြောင်း သဘာဝပတ်ဝန်းကျင် အေဂျင်စီ (EA)က ထုတ်ပြန်ကြေညာသည်။

မိုးရေချိန်မှာ မီလီမီတာ ၂၀၀ ထိ မြင့်တက်ခဲ့ပြီး ရေကြီးရေလျှံမှုသည် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အခြေအနေဖြစ်သည့်အတွက်ကြောင့် ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ခြင်းဖြစ်ကြောင်း၊ မိုးရေချိန် ဆက်လက်မြင့်တက်လာနိုင်သည့်အတွက် ရေဘေးအန္တရာယ် အခြေအနေမှာလည်း ပိုမိုဆိုးရွားလာနိုင်ပြီး ရေဘေးအန္တရာယ်ကို အခြေအနေပေါ်မူတည်ပြီး ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်အေဂျင်စီ (EA)က ထုတ်ပြန်ခဲ့သည်။

"မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်မှုတွေဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်ဟာ မီလီမီတာ ၂၀၀ ထိ မြင့်တက်နေတဲ့အတွက် အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပါတယ်။ ကမ်ဘရီယာနယ်မြေကို ရေဘေးအန္တရာယ် အဝါရောင်အဆင့် သတ်မှတ်လိုက်ပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကလဲ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့အတွက် စတင်ထွက်ခွာသွားပါပြီ။ လမ်းမကြီးတချို့ ရေလွှမ်းနေတဲ့အတွက် ယာယီပိတ်ထားရပါတယ်"ဟု သဘာဝပတ်ဝန်းကျင် အေဂျင်စီ(EA) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# အတ္တနှောင်ကြိုး ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံစေတီတော်ကြီးတွင် ပြုလုပ်



ရန်ကုန် ဒီဇင်ဘာ ၁၅

အတ္တနှောင်ကြိုး ဇာတ်လမ်းတွဲကန်တော့ပွဲပေးအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံစေတီတော်ကြီးတွင် ဒီဇင်ဘာ ၁၄ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ အတ္တနှောင်ကြိုး ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်မည့် သရုပ်ဆောင် စစ်နိုင်ထံမှ သိရသည်။

အဆိုပါ အတ္တနှောင်ကြိုး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကျော်ဇကေ ရေးသားထားကာ ဒါရိုက်တာအဖြစ် ကျော်ဇကေပင် တာဝန်ယူပုံဖော် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကို အတ္တနှောင်ကြိုးလို့ အမည်ပေးထားပါတယ်။ ကျွန်တော်က ဒီဇာတ်လမ်းတွဲမှာ ငွေမျက်နှာတစ်ခုတည်းကိုပဲ ကြည့်တတ်တဲ့ လူတစ်ယောက်ကာရိုက်တာကနေ ပါဝင်မှာပါ။ လူတိုင်းလူတိုင်းမှာ အတ္တကိုယ်စီရှိကြတယ်။ ဒီမထားသင့်တဲ့အတ္တတွေကြောင့် ဘယ်လိုဆိုးကျိုးတွေဖြစ်လာမလဲဆိုတာ ဒီဇာတ်လမ်းတွဲမှာ ကြည့်ရမှာပါ။ အပိုင်း ၂၀ ပါဝင်ပါမယ်။ ပြသတဲ့အခါအားပေးကြပါအုံး"ဟု သရုပ်ဆောင် စစ်နိုင်က ပြောပြသည်။

အဆိုပါ အတ္တနှောင်ကြိုး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စစ်နိုင်၊ ထူးခြား၊ ဒေါင်းဝေ၊ မျိုးကို၊ မာမီသက်၊ ခြူးစစ်ဟန်နှင့် အနုပညာရှင်များစွာ ပါဝင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Fast X : Part 2 ဇာတ်ကားသစ်၌ ခရစ္စတီယာနိုရော်နယ်ဒို ပါဝင်ဖွယ်ရှိ

နယူးယောက် ဒီဇင်ဘာ ၁၅

Fast and Furious ဇာတ်ကားများ၏ နောက်ဆုံးဇာတ်ကားဖြစ်သော Fast X : Part 2 ဇာတ်ကား၌ ကမ္ဘာကျော် ဘောလုံးသမား ခရစ္စတီယာနိုရော်နယ်ဒိုလည်း ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

Fast X : Part 2 ဇာတ်ကားဝတ္ထုဇာတ်ညွှန်း၌ ခရစ္စတီယာနိုရော်နယ်ဒိုအတွက် ထည့်သွင်းရေးသားထားကြောင်း မင်းသားဗင်ဒီဆယ်က အင်စတာဂရမ် စာမျက်နှာပေါ်၌ ရေးသားထားကြောင်း သိရသည်။

မင်းသားဗင်ဒီဆယ်သည် Fast and Furious ဇာတ်ကားများတွင် ဒေါမနစ်တိုရက်တို ဇာတ်ကောင်နေရာ၌ ပင်တိုင်ဦးဆောင်ပါဝင်ခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် Fast X : Part 2 ဇာတ်ကား၌ ခရစ္စတီယာနိုရော်နယ်ဒို ပါဝင်သရုပ်ဆောင်ရဖွယ်ရှိသည့် ဇာတ်ကောင်နေရာကို မသိရသေးပေ။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ လူးဝစ်လက်ရီးရားက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်း စတင်မည့်နေ့ကို မသိရသေးကြောင်း၊ ၂၀၂၇ ခုနှစ် ဧပြီလတွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# တေးသံရှင် အယ်လ်ဆိုင်းဇီ၊ ရေဗက္ကာဝင်းတို့၏ Merry Christmas Night Special Even တေးဂီတဖျော်ဖြေပွဲကို Yangon Social F & B, Music, Kids Playground တွင် ပြုလုပ်မည်

ရန်ကုန် ဒီဇင်ဘာ ၁၅

တေးသံရှင် အယ်လ်ဆိုင်းဇီ၊ တေးသံရှင် ရေဗက္ကာဝင်းတို့၏ Merry Christmas Night Special Even တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Yangon Social F & B, Music, Kids Playground ၌ ဒီဇင်ဘာ ၂၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် အယ်လ်ဆိုင်းဇီက ပြောပြ၍ သိရသည်။

အဆိုပါ တေးသံရှင် အယ်လ်ဆိုင်းဇီ၊ တေးသံရှင် ရေဗက္ကာဝင်းတို့၏ Merry Christmas Night Special Even တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တစ်နှစ်တစ်ခါသာကျရောက်တဲ့ Merry Christmas Night မှာ Yangon Social စင်မြင့်ထက်မှာ Daily Gita Band နဲ့အတူ ရေဗက္ကာနဲ့တွဲပြီး ဖျော်ဖြေပေးသွားမှာဖြစ်ပါတယ်။ အေးမြတဲ့ဆောင်းအငွေ့အသက်တွေနဲ့အတူ တေးသီချင်းသံ ငြိမ့်ငြိမ့်လေးတွေကို နားဆင်ခံစားရမဲ့ Christmas ညချမ်းကို ကြွလှမ်းခဲ့ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် အယ်လ်ဆိုင်းဇီက ပြောပြသည်။




အဆိုပါ Yangon Social Bar သည် ယခင်က Inya Lake Garden Food Hall & Entertainment မှ Yangon Social F& B, Music, Kids Playground သို့ အမည်ပြောင်းလဲ ဖွင့်လှစ်ထားခြင်းဖြစ်ကာ တေးဂီတဖျော်ဖြေပွဲများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Searchlight ၏ Barn 8 ဇာတ်ကားကို ဒါရိုက်တာ တိုင်ခါဝေတီတီ ရိုက်ကူးပေးမည်

နယူးယောက် ဒီဇင်ဘာ ၁၅

Searchlight Picture ရုပ်ရှင်ကုမ္ပဏီ၏ Barn 8 အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ၊ ရုပ်ရှင်သရုပ်ဆောင် တိုင်ခါဝေတီတီက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၄ ရက် သတင်းများအရ သိရသည်။

Barn 8 ဇာတ်ကားသည် စာရေးဆရာ ဒက်အိုလင်အန်ဖာ့၏ ခေါင်းစဉ်အမည်တူ သရော်စာဝတ္ထုကို ပြန်လည်ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Barn 8 ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျက်ဆီကာဂိုအာက တာဝန်ယူ ရေးသားမည်ဖြစ်ကြောင်း သိရသည်။


Barn 8 ဇာတ်ကားသည် ကြက်မွေးမြူရေးခြံတစ်ခုမှ ကြက်ကောင်ရေ တစ်သန်းကို အနုကြမ်းစီးလုယက်ရန် တက်ကြွလှုပ်ရှားသူတစ်စုက ကြိုးပမ်းပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Barn 8 ဇာတ်ကားသည် ဟာသ၊ အလွမ်း၊ တိရစ္ဆာန်အခွင့်အရေးနှင့် မွေးမြူရေးလုပ်ငန်းများကြား ပွတ်တိုက်မှုတို့ကို ရောပြွမ်းပုံဖော်မည့် ဇာတ်ကားဖြစ်ကြောင်း Searchlight ရုပ်ရှင်ကုမ္ပဏီက ကြေညာထားသည်။

Ref : Russia Today

Trs : KKO






# သက်ကြီးရုပ်ရှင်ပညာရှင်များဖြစ်သည့် ဇာတ်ညွှန်းရေးဆရာကြီး ရှင်မိုးထွေးနှင့် ဆရာကြီး မောင်စိမ်းနွယ်တို့ကို ဇာတ်ညွှန်းရေးဆရာများ ဂါရဝပြုကန်တော့

ရန်ကုန် ဒီဇင်ဘာ ၁၅

သက်ကြီးရုပ်ရှင်ပညာရှင်များဖြစ်သည့် ဇာတ်ညွှန်းရေးဆရာကြီး ရှင်မိုးထွေး၊ ဆရာကြီးမောင်စိမ်းနွယ်တို့ကို ဇာတ်ညွှန်းရေးဆရာများက ဒီဇင်ဘာ ၁၄ ရက်က ဂါရဝပြုကန်တော့ခဲ့ကြကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

ထိုသို့ ဇာတ်ညွှန်းရေးဆရာများက သက်ကြီးဇာတ်ညွှန်းရေးဆရာကြီးများကို ဂါရဝပြုကန်တော့ကြရာတွင် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းခွဲနှင့် စားသောက်ဖွယ်ရာများကို အိမ်တိုင်ရာရောက် ကန်တော့ကြခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်အပါအဝင် ဇာတ်ညွှန်းရေးဆရာတွေက သက်ကြီးဇာတ်ညွှန်းရေး ဆရာကြီးတွေကို နှစ်စဉ် မိမိတို့အစီအစဉ်နဲ့ ကန်တော့လေ့ရှိပါတယ်။ ဒီနှစ်ကတော့ အသက် ၉၀ ပြည့်ပြီဖြစ်တဲ့ ဆရာကြီး မောင်စိမ်းနွယ်၊ ရဟန်းဘဝ ငါးဝါရခဲ့ပြီး သက်တော် ၈၄ နှစ်ရှိပြီဖြစ်တဲ့ ဆရာကြီးရှင်မိုးထွေးတို့ကို သွားရောက်ကန်တော့ခဲ့ကြပါတယ်။ ငွေကြေးအနေနဲ့ကတော့ တစ်ယောက်ကို ငွေကျပ်တစ်သိန်းခွဲ ဂါရဝပြုကန်တော့ပါတယ်။ မုန့်မျိုးစုံနဲ့အခြား ကန်တော့ပစ္စည်းတွေလဲ ပါပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထိုသို့ ဇာတ်ညွှန်းရေးဆရာများက သက်ကြီးဇာတ်ညွှန်းရေးဆရာကြီးများကို ဂါရဝပြုကန်တော့ကြရာတွင် ဇာတ်ညွှန်းရေးဆရာများ ဖြစ်ကြသည့် ဦးအေးကြူလေး၊ စာရေးဆရာ ဒါရိုက်တာ အောင်စိုးဦး၊ သရုပ်ဆောင် နေရှိုင်းတို့ ပါဝင်ဂါရဝပြု ကန်တော့ခဲ့ကြကြောင်း ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# အကျင့်ကောင်း

**ဗညားကျန်းထော**



Stephen R.Covey (1932–2012)
American Writer

အိုင်းရစ် (အိုင်ယာလန်နိုင်ငံသား) စာရေးဆရာ ဆင်မြူယယ်ဘက်ကက် Samuel Beckett (၁၉၀၆–၁၉၈၉) က ရေးဖူးတယ်။ **"အကျင့်က အကြီးအကျယ် စွဲစေ ထုံစေတတ်တယ်"**တဲ့။ စာဖတ်သူများကိုယ်တွေ့ မျက်မြင်ဥပမာပြစရာသာဓကတွေ အများကြီးပါပဲ။ လောင်းကစား၊ အရက်သေစာ၊ ဆေးလိပ်သောက်တာမှအစ အပျော်အပြက်ဆိုသမျှ စမ်းရင်းစမ်းရင်းနဲ့ စွဲခဲ့ကြတာပဲမဟုတ်လား။

အဲဒီလိုမကောင်းတဲ့အကျင့်တစ်ခုကိုပဲ မကောင်းမှန်းလည်းသိရက်သားနဲ့ မပစ်နိုင်ဘဲ သေခါနီးအထိ စွဲတာမျိုးလည်းရှိတတ်တယ်နော်။ အမေရိကန်စာရေးဆရာအကျော်အမော် မတ်တွိန်း(Mark Twain) (၁၈၃၅–၁၉၁၀) က ဒါကြောင့် ရေးဖူးတာပေါ့။ **"အကျင့်ဟာ အကျင့်ပဲ။ လူတစ်ယောက်ဟာ ပြတင်းပေါက်ကနေ အဲဒီအကျင့်ကိုလွှင့်ပစ်လိုက်လို့ အဝေးရောက်၊ လွင့်ပျောက်သွားတာမျိုးမဟုတ်ဘူး။ သို့ပေမယ့် ချောချောမောမောနဲ့ လှေခါး တစ်ထစ်ပြီး တစ်ထစ် ဆင်းပြီးထွက်သွားစေမှ ရနိုင်တယ်"**တဲ့။

အကျင့်ကောင်းရင် လူကောင်းခေါ်ကြတာပဲ။

အကျင့်မကောင်းရင် ပေါင်းသင်းချင်တဲ့လူ ရှားတာပေါ့။ အကျင့်စာရိတ္တဆိုတာ လူ့ကျင့်ဝတ်စည်းကမ်းမို့ အကျင့်ကောင်းဖို့ အရေးကြီးတာပေါ့။

အကျင့်ကိုစတင်တာက စိတ်ကူးကြံစည်တွေးတောမှုက စတာမို့ အကျင့်ဆိုးမစွဲစေရဘဲ အကျင့်ကောင်းတွေသာ မိမိမှာရှိနေအောင် လူတိုင်းသတိပြုပြီး လုပ်ဆောင်သင့်ပေတာပဲ။ စိတ်ဆိုတာကတော့ ထိန်းရကျောင်းရမလွယ်လှပါဘူး။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ(၁၉၀၀–၁၉၇၇) ရေးသားတော်မူခဲ့တဲ့ ကိုယ်ကျင့်အဘိဓမ္မာမှာ သူကိုယ်တိုင် အမှာစာထဲမှာ ထည့်ရေးထားတဲ့ ဝါကျတစ်ကြောင်းဟာ အလွန်တရာမှတ်သားဖို့ကောင်းလှပါပေတယ်။ **"အသိသည် အသိသာဖြစ်၍ အကျင့်မဟုတ်ပေ"**တဲ့။ လူရဲ့ ကောင်းကျိုးဆိုးပြစ်ကို တကယ်ဖြစ်စေတာက အသိမျှနဲ့မရဘူး။ အကျင့်ကောင်းမှ လူကောင်းခေါ်ထိုက်မှာ။ လူ့တန်ဖိုးဆိုတာ အရင်းအမြစ်က ကိုယ်ကျင့်တရားပါပဲ။ အကျင့်။

အကျယ်ပြောရရင်တော့ ဘာသာရေးဘက်များသွားမှာ စိုးမိပါတယ်။ စာရေးသူကိုယ်တိုင်လည်း သာမန်အဆင့်မျှသာရှိသူမို့ ဓမ္မရေးရာ၊ လောကုတ္တရာရေးရာများကို မန့်စပ်၊ မကျွမ်းကျင်သေးပါဘူး။ ဖတ်တာမှတ်တာရှိလို့ သိရုံလောက်နဲ့လဲ ဘာမှမထိရောက်နိုင်ပါဘူး။ အကျင့်ကောင်းတွေကို ကြိုးစားလေ့ကျင့်မွေးမြူကြရမယ်။ ကံငါးပါးလုံခြုံအောင်စောင့်စည်းတာကအစ သီလပြည့်စုံလာရင် တွေးတာ၊ ပြောတာ၊ လုပ်တာ၊ ကောင်းတဲ့အမူအကျင့်တွေ ပွားများလာပေမှာပေါ့။ စိတ်ကို ပထမပြုပြင်ရမယ်။

အခါတစ်ပါး မြတ်စွာဘုရားက အကြောင်းအားလျော်စွာ ကံကောင်းခြင်း၊ ကံဆိုးခြင်းဆိုတာတွေရဲ့ အရင်းမူလ စိတ်စေတနာက စတင်ကြောင်းထုတ်ဖော်ဟောပြတော်မူဖူးတယ်လို့ ဖတ်မှတ်ခဲ့ရဖူးပါတယ်။

**"ရဟန်းတို့–**

**စေတနာဆန်းကြယ်ရင် ဉာဏ်ဆန်းကြယ်တယ်။**

**ဉာဏ်စမ်းကြယ်ရင် ကံဆန်းကြယ်တယ်။**

**ကံကောင်းတာ၊ ကံထူးတာဆိုတာဟာ စိတ်ကူးစေတနာပေါ်မှာအခြေခံပြီး ပေါ်ပေါက်လာခြင်းသာဖြစ်တယ်"**တဲ့။

မှတ်သားစရာ၊ သိမြင်နားလည်ထားရမှာပါ။

လူတစ်ယောက် အောင်မြင်ထွန်းပေါက်ဖို့ဆိုရင် စာရေးသူ ယခု စိတ်ထဲပေါ်ရာဖော်ပြရရင် မိမိကိုယ်ကိုယုံကြည်မှုတည်ဆောက်ခြင်းက စတင်ရမယ် ထင်တာပဲ။ မိမိကိုယ်ကို ယုံကြည်လောက်အောင် ဦးစွာပထမ ဘာတွေလုပ်ရမှာလဲလို့မေးလာခဲ့ရင် တစ်ချက်နှစ်ချက်ပြောရုံနဲ့တော့ မလုံလောက်ပါ။

ရှာဖွေလေလေ တွေ့ရှိလေလေဆိုသလိုပဲ များများဖတ်၊ များများမှတ်။ မှတ်သားစုဆောင်းထားတော့ ရေးစရာတွေက အစီအရီပေါ်ထွက်လာကြတယ်။ သူ့ကိုထည့်ရေးပါ။ သူလည်းပါချင်တယ် စသဖြင့်ပေါ့။ စိတ်ကူးထဲပေါ်ရာမှန်သမျှ အကုန်ရေးချရရင်တော့ စာမျက်နှာတွေများပြီး ဟုံသွားပါလိမ့်မယ်။

လိုရင်းတိုရှင်းနဲ့ စာဖတ်သူအတွက် တကယ်လက်တွေ့အသုံးချလို့ရမှာမျိုးကို ရွေးချယ်တင်ပြမှ အကျိုးရှိစေမယ်။ ထိရောက်အောင် ကောင်းကျိုးရစေမယ်။

မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ဖို့က အရေးကြီးတယ်ဆိုတာသိပြီ။ ဒါတွေအကျင့်အနေနဲ့ မိမိမှာရှိထားရင် ယုံကြည်မှုကောင်းလာမယ်ဆိုတာလည်း သဘာဝကျတယ်ဆိုတာ စမ်းကြည့်ရင် တကယ်တွေ့လာရမှာမို့ သေချာပါတယ်။ ဒါတွေပေါ့ ခင်ဗျာ။

**မတ်မတ်ရပ်ပါ**

ပျော့တိပျော့ခွေ၊ ခါးကိုင်းကိုင်း၊ လက်ပြင်ကုန်းကုန်း၊ ကော့လန်လန်၊ စွေတိစွေစောင်းမနေပါနဲ့။ စစ်ဗိုလ်၊ စစ်သားတွေလို အခြေခံကျကျ ရင်ဖွင့်ခါးဆန့်။ စမတ်ကျကျကိုယ်နေဟန်ထားရှိပါ။ သင့်ရဲ့အမူအရာ၊ ရပ်ပုံ၊ ထိုင်ပုံ၊ ဟန်ပန်ကပဲ သင့်ရဲ့စိတ်ကို တက်ကြွအောင်၊ လျော့ရဲအောင် ရိုက်ခတ်ပါတယ်။

ရင်ကော့၊ ခေါင်းမတ်၊ ခါးဆန့်နေသူဆိုရင် လူတကာက အထင်မသေးဘူး။ လေးစားတယ်။

**စကားပြောရာမှာ** ရှင်းရှင်းလင်းလင်းပီပီသသ ပြောဆိုပါ။ ဝေ့လည်ကြောင်ပတ်မပြောနဲ့။ လိုတာထက် ပိုမပြောနဲ့။ ထပ်ခါထပ်ခါမပြောပါနဲ့။ စကားဟာ ခွန်အားရှိရတယ်။ စကားထဲမှာ ခွန်အားသတ္တိပါအောင် ပြောဆိုရပါမယ်။ ရှင်းရှင်းပြောတတ်အောင်က ရှင်းရှင်းတွေး၊ ရှင်းရှင်းရေး။

**အဝတ်အစား**သပ်သပ်ရပ်ရပ်ဝတ်စားပါ။ နေရာနဲ့လိုက်ရမယ်။ အချိန်အခါနဲ့ဆီလျော်ရမယ်။ အခြေအနေနဲ့ ကိုက်ညီရပါမယ်။ အရေးကြီးတယ်။ လူမှာအဝတ်၊ တောင်းမှာအကွပ်တဲ့။ အဖိုးတန်ဖို့၊ တောက်ပြောင်ဖို့ထက် ကာလ၊ ဒေသ၊ ပရိသတ်နဲ့ အဆင်ပြေအောင် ဝတ်ဆင်ဖို့အဓိကနော်။

**အတတ်ပညာအသစ်တွေ**ကို လေ့လာသင်ယူနေပါ။ အင်္ဂလိပ်စာ၊ တရုတ်စာ၊ ရှမ်းစကား၊ မွန်စကား စသဖြင့် အခွင့်အလမ်းရှာပြီး မိမိအရည်အသွေးကို ဖြည်းဖြည်းမှန်မှန်၊ ဖွဲသန်သန်နဲ့ ရည်မှန်းချက်ထားပြီး လုပ်ဆောင်နေရမယ်။ မီဒီယာလုပ်ငန်းမှာ တာဝန်ယူနေပြီး အင်္ဂလိပ်လိုမရေးတတ်၊ မပြောတတ်ရင် အသုံးမကျပါ။ လူရာမဝင်နိုင်ပါ။ တတ်အောင်ကြိုးစားလေ့လာရမှာပါ။

**မိမိကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချပါ။**

**လုပ်ငန်းငယ်ငယ်သေးသေးလေးတွေအောင်မြင်**တာလေးဖြစ်ပါစေ၊ အောင်ပွဲခံပါ။ မိမိကိုယ်ကိုချီးကျူးပါ။ ငါ အရင်ထက်တော်လာပြီပဲ။

**သူများက ချီးမွမ်းဂုဏ်ပြုစကားပြောဆိုလာရင်လည်း လက်ခံပါ။** အမှန်အတိုင်းဟုတ်ရင် ကျေးဇူးတင်ကြောင်းပြောပါ။(ဟား မဟုတ်ပါဘူး။ မလုပ်ပါနဲ့၊ ကျွန်တော် မတော်ပါဘူး။ ကျွန်မက ချီးကျူးမခံသင့်သေးပါဘူး စသဖြင့် မငြင်းပယ်ရဘူး။)

**သူတစ်ပါးကို** လူရင်း၊ လူစိမ်း၊ ဘယ်သူပဲဖြစ်ဖြစ် လေ့လာရမယ်။ စူးစမ်းရမယ်။ **အကဲခတ်ရပါမယ်။** သူ့ရဲ့အားသာချက်တွေက ဘာရှိလဲ။ သူ့မှာရှိတဲ့ အားနည်းချက်တွေကဘာလဲ။ လူကို စိတ်ဝင်စားဖို့ဟာ အရေးပါတယ်။ ဘာသိဘာသာမနေရဘူး။ သူတစ်ပါးရဲ့ အကောင်းအဆိုး၊ အကျိုးအပြစ်ကို သိသူများမှ ခေါင်းဆောင်ကောင်း၊ စီမံသူကောင်း ဖြစ်လာနိုင်တယ်။

**အယုံမလွယ်ရ။** ဒီအချက်က အကျယ်ပြောရမယ်ဆိုရင် ရှည်လျားကျယ်ဝန်းတယ်။ မြန်မာလူမျိုးတွေဟာ ရိုးသားဖြူစင်ကြတယ်။ သူတစ်ပါးလည်း ကိုယ့်လိုပဲ ရိုးတယ်၊ ဖြောင့်မှန်မှာပဲလို့ အယုံလွယ်လွန်းတတ်တာမို့ သူတစ်ပါးလိမ်ညာလှည့်စားမှုတွေ ခံခဲ့ကြရတယ်။ မဟုတ်တာ၊ မမှန်တာတွေနဲ့ ချောက်ချခံရမှန်း နစ်နစ်နာနာခံရပြီးမှ ပြန်သိလာရတာ ညံ့ရာကျပါတယ်။ သူများပြောတိုင်းမယုံရဘူး။ စဉ်းစားသုံးသပ်ပြီး ချင့်ချိန်တတ်ရမယ်။

**ပတ်ဝန်းကျင်ကို အကျိုးပြုမယ်။** မိဘကိုကျေးဇူးဆပ်မယ်။ မွေးချင်းမောင်နှမတွေကို စောင့်ရှောက်ဖေးမမယ်။ ဆွေမျိုးသားချင်းတွေကို ကူညီအားပေးမယ်။ ကိုယ့်သူငယ်ချင်းတွေကို စိတ်ရင်းအမှန်နဲ့ အနစ်နာခံအကူအညီပြုပေးမယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးရဲ့ တိုးတက်ဖွံ့ဖြိုးရေးအတွက်ဆိုရင် မိမိနိုင်သမျှ၊ စွမ်းသမျှ ကျရာနေရာက ပါဝင်ထမ်းဆောင်မယ်။ လုပ်အားပေးမယ် စသဖြင့် စေတနာကောင်းစိတ်ကောင်းမွေးနိုင်သူဖြစ်အောင် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ရပါမယ်။

လောကကို ကောင်းကျိုးပြုနိုင်တဲ့ လောကတ္ထစရိယမြတ်စွာဘုရားရဲ့လမ်းကြောင်းနမူနာကို တတ်နိုင်သလောက် လိုက်ပါလျှောက်တာ အကျင့်မှန်ပါနော်။ ဉာတတ္ထစရိယ၊ ဆွေမျိုး၊ လူမျိုးအကျိုးကို ဦးစားပေးစဉ်းစားတတ်တဲ့အကျင့်ဟာလည်း အကျင့်ကောင်းပါပဲ။

**❖ မိဘကိုကျေးဇူးဆပ်မယ်။ မွေးချင်းမောင်နှမတွေကို စောင့်ရှောက်ဖေးမမယ်။ ဆွေမျိုးသားချင်းတွေကို ကူညီအားပေးမယ်။ ကိုယ့်သူငယ်ချင်းတွေကို စိတ်ရင်းအမှန်နဲ့ အနစ်နာခံအကူအညီပြုပေးမယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးရဲ့ တိုးတက်ဖွံ့ဖြိုးရေးအတွက်ဆိုရင် မိမိနိုင်သမျှ၊ စွမ်းသမျှ ကျရာနေရာက ပါဝင်ထမ်းဆောင်မယ်။ လုပ်အားပေးမယ် စသဖြင့် စေတနာကောင်းစိတ်ကောင်းမွေးနိုင်သူဖြစ်အောင် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ရပါမယ်။ ❖**

လောကကို ကောင်းကျိုးဆောင်နိုင်အောင် စိတ်ကူးရှိနေတာ ကောင်းပါတယ်။ သို့ပေမဲ့ အလှမ်းကျယ်ပြီး အလယ်မလပ်စေရဘူး။ ကိုယ့်လူမျိုးနဲ့ မိမိရဲ့ မိသားစုက စားဝတ်နေရေးအဆင်ပြေစေရပါ့မယ်။ စေတနာကောင်းရင် ကံကောင်းပါတယ်။ ကံကောင်းသူတွေရဲ့အကြောင်းရင်းအမှန်တရားက သူတို့ဟာ စေတနာကောင်းခဲ့ကြလို့ပါ။ **စေတနာကောင်းရင် ကံကောင်းတယ်။**

စေတနာကောင်းစိတ်ကောင်းရှိအောင်ပထမဆုံး မိမိရဲ့အကျင့်ကောင်းတွေ လေ့ကျင့်မွေးမြူရမှာပါကလား။ ဟုတ်တာပေါ့။ မိမိကိုယ်ကို အရင်ဦးဆုံး ဂရုစိုက်ရမယ်။ ဥပမာ–ဆံပင်ညှပ်ပါ။ ညှဉ်းသိုးသိုး ရှုပ်ပွပွမနေနဲ့။ သပ်ရပ်ပါစေ။

မိန်းကလေးဆိုရင် အသားအရေကိုလည်း ဂရုစိုက်ပါ။ ကျားဖြစ်စေ၊ မဖြစ်စေ အားအင်ဖြစ်စေမယ့် အစာအာဟာရကို စားပါ။ မနည်းလွန်းမများလွန်း ချိန်ဆပြီး စားပါ။ ကိုယ်လက်လှုပ်ရှားမှု နေ့စဉ်ပြုရပါမယ်။ ကျန်းမာကြံ့ခိုင်အောင်နေပါ။ (လျောင်း၊ ထိုင်၊ ရပ်၊ လျှောက်စတဲ့)ဣရိယာပထမျှတအောင် နေထိုင်ပါ။

ရုပ်ကြည်လင်သန့်ပြန့်ရင် စိတ်လည်းကြည်လင်တယ်။ စိတ်ကြည်လင်နေရင် အလုပ်လုပ်ရတာလည်း အဆင်ပြေတယ်။ ကောင်းတယ်။ တိုးတက်အောင်မြင်မှုရတယ်။ ဩော်... မိမိကိုယ်တိုင် အကျင့်ကောင်းတွေရှိနေဖို့ဟာ အရေးအကြီးဆုံးအရင်းအနှီးပါကလား။ (Main Capital)အဓိက အရင်းအနှီးပဲ။

ငါက ဘယ်ချမ်းသာမလဲ။ အရင်းအနှီးမှမရှိတာ ကိုးဆိုတာမျိုး၊ အတွေးအခေါ်အသိအမြင် လွဲချော်နေတတ်ကြတယ်။ ငွေအရင်းအနှီး၊ ဥစ္စာပစ္စည်းအရင်းအနှီးထက် မိမိကိုယ်တိုင်ရဲ့ ကာယအားအင်၊ ဉာဏ်ပညာအမြော်အမြင်၊ ကြိုးစားအားထုတ်မှုစတဲ့ အရင်းအနှီးတွေက အဓိကအရေးကြီးတာပဲကိုး။

သိပြီးသားစာဖတ်သူတွေအတွက်ဆိုရင်ရှိပါစေ။ မဖတ်ဖူး၊ မသိဖူးသေးသူအတွက် ကမ္ဘာကျော် အမေရိကန်စာရေးဆရာတစ်ဦးဖြစ်တဲ့ စတီဖင်ရစ်ချတ်ကိုဗီး Stephen Richard. Covey(1932–2012) ၁၉၈၉ ခုနှစ်က ရေးခဲ့တဲ့ **"The 7 Habits of Highly Effective People"**စာအုပ်ထဲမှ မြင့်မြင့်မားမားထိထိရောက်ရောက်အောင်မြင်သူများရဲ့အကျင့် (အလေ့အထ) ခုနစ်ချက်ဆိုတာသိရရင် သဘောကျလို့ကျင့်သုံးချင်ရင် ရွှေထက်မြထက် ပို၍တန်ဖိုးရှိလှတာပေါ့ကွယ်။ ဒါလေးတွေပဲ–

၁။ **အခြေအနေကိုဖန်တီးပါ။** Be Proactive. (စောင့်စားမနေရ)သူပြုမှနုရတဲ့ဘဝမဟုတ်။

၂။ **ရည်မှန်းချက်တိတိကျကျထား။** အဆုံးပန်းတိုင်ကို ကိုယ့်စိတ်ထဲမှာ စွဲမြဲပါစေ။ Begin With the end of mind.

၃။ **အရေးကြီးတာအရင်လုပ်။** ဦးစားပေးမှန်ရမယ်။ Put first thing first.

၄။ **နှစ်ဦးနှစ်ဝ ကောင်းကျိုးရပါစေ။** Think Win–Win.

၅။ နားလည်အောင်ပထမကြိုးစား၊ ပြီးမှ သူ့ဘက်က နားလည်နားဝင်အောင်ပြော။ Seek first to understand and then to be understood.

၆။ စည်းလုံးညီညာ အောင်ကြောင်းဖြာ၊ ပူးပေါင်းညီညွတ်မှသာ အင်အားခိုင်မာ။ Synergize.

၇။ ကြိုတင်ပြင်ဆင်လေ့ကျင့်။ Sharpen the Saw.

ဒီအလေ့အကျင့်ကောင်းတွေ ရှိလေလေ၊ ထိရောက်တိုးတက်လေလေဆိုတာ သေချာတာပေါ့ခင်ဗျာ။

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing attends 78th Founding Anniversary of Tatmadaw (Air)



Senior General Min Aung Hlaing addresses the 78th Founding Anniversary of Tatmadaw (Air).

**Nay Pyi Taw December 15**

The 78th Founding Anniversary of Tatmadaw (Air) of the Republic of Union of Myanmar was held at Nay Pyi Taw Air Base HQ this morning, attended by Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Present at the ceremony were Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, SSPC member Prime Minister U Nyo Saw and wife, SSPC Secretary Joint Executive Chief General Ye Win Oo and wife, SSPC member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, retired commanders in chief (Air) and wives, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, union level dignitaries and wives, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, air base commanders, officers, other ranks and officials of Tatmadaw (Air) and guests.

First, the Senior General delivered an address. He said the history of Tatmadaw (Air) started in WWII as the Burman Voluntary Air Unit (BVAU) and then, as the Burman Voluntary Air (BVAF). The Tatmadaw (Air) was founded after Burma Air Force Act was enacted on 15 December 1947 after WWII during the pre-independence period. Now, Tatmadaw (Air) reaches its 78th Founding Anniversary.

Soon after the establishment of Tatmadaw (Air), multi-colour insurgency broke out in many parts of the country. Even at the time it was in the stage of conducting administrative functions, training and weaponization process, it flew missions to crush the insurgency together with Tatmadaw (Army) and Tatmadaw (Navy). The Air Force was worthy of praise as it entered the battles and tried to accomplish the missions by using the best of available weapons based on patriotism, perseverance, courage and innovative mind. Till now, it is also taking part in counternarcotic operations, apart from the operations to drive out the alien intrusion, and crushing internal insurgency. Because of heroism and valour and blood and sweat sacrifices of the members of the Air Force, their involvement is valuable as a decisive factor in a battle.

The essentiality of a strong and powerful defence force in ensuring the perpetuity of national sovereignty of the country and national development, and safeguarding the public life and property and national interest is so vivid. The Tatmadaw is a patriotic force and an offspring of the people, emerged together with independence. It is a Union armed forces participated by all the nationalities. It is common knowledge that Tatmadaw has always sacrificed lots of blood and sweat in safeguarding the country against various kinds of internal and foreign enemies together with the people throughout the success eras. The Tatmadaw also supports the country steadfastly in every crisis. It has become a special requirement that a combined defence force, the Tatmadaw (Army, Navy and Air), must be further strengthened and its power further improved. Only then, will it be able to fully guarantee the safety and perpetuation of national sovereignty and territorial integrity.



Senior General Min Aung Hlaing presents cash rewards for the pilots who participated in the fleet demonstration.

Taking the experience of the successive periods as lessons, the Tatmadaw (Air) has been turned into a modern, proficient and powerful air force through a step-by-step process. During the initial period, it had only one base and a few squadrons, but now it has the power to deploy its forces to reach and rule the entire air territory of Myanmar.

*See Page 15*



A flight demonstration in progress.



Helicopters conduct a fleet demonstration.

# Defence Services Institute of Nursing and Paramedical Science hosts the passing parade of 10th Intake of female nursing and paramedical science course and graduation dinner



Vice-Senior General Soe Win inspects the graduate trainee companies.

**Nay Pyi Taw December 15**

On behalf of State Security and Peace Commission Chairman and Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing, SSPC Vice-Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win delivered a speech at the passing out parade of the 10th Intake of the female nursing and paramedical science course at the parade ground of the Defence Services Institute of Nursing and Paramedical Science in Yangon this morning.

Also present at the parade were his wife Daw Than Than Nwe, Union ministers, senior Tatmadaw officers from the Office of the Commander-in-Chief and their wives, the Yangon Region Chief Minister and his wife, the commander of Yangon Command, the commandant of the institute, officials of Yangon Station, parents and relatives of graduate trainees, instructor officers from the literary department and training department of the institute, teachers and guests.

The Vice-Senior General took salute of the graduate trainee companies and inspected them. These companies marched past the Vice-Senior General.

The Vice-Senior General presented the best trainee award to female trainee Khaing Sabei Myo and the excellent award in training to female trainee Yi Yi Myint, and the excellent award in studies to female trainee Thin Thin Thiri from the 10th intake respectively.

Speaking on the occasion, the Vice-Senior General, on behalf of the Senior General, said that in line with the mission of the institute—to produce nurses, skillful pharmacists, and paramedical practitioners who possess the necessary skills and wholehearted dedication to serve the national Tatmadaw in order to safeguard the Our Three Main National Causes —the institution has been continuously training and developing personnel. Following the motto "Virtue, Knowledge, Skill," the institute has trained a total of 5,692 graduates, including those completing undergraduate, post-graduate, and diploma programmes, to become proficient, compassionate, and medically competent professionals. Graduates have been provided with both theoretical and practical training to ensure they can perform at the level of platoon commanders in military operations, and as field nurses and medical support personnel in health-related protection tasks. They are guided to uphold the nine pledges of nursing with steadfast integrity, and to carry out health care services for Tatmadaw and the public with dedication, compassion, and a sense of duty.

The military medical corps has existed alongside the independence struggle from its earliest days. During the fight for independence, the nursing troops were among the first to accompany the Burma Independence Army (BIA) on its campaigns, starting from the Dawei column. After independence, throughout the nation's internal insurgency period, nursing officers and military medics played an outstanding role in providing frontline medical protection and care. Their exceptional service during this period earned them recognition, including the Florence Nightingale Medal and other honorary certificates of the Supreme Commander awarded to distinguished nursing officers and madics, leaving a remarkable record in the history of military medical personnel.

Looking back at the history of the institute, in 1959, the first female military nurse officer training course was opened, running from course No 1 and course No 16. In 1996, the Defence Services Medical Academy conducted training for female officer cadets pursuing a Bachelor of Nursing Science, covering course No 1 to No 4. In the year 2000, the Defence Services Nursing Academy was officially inaugurated, allowing both male and female trainees to enroll in Bachelor of Nursing Science programmes. On 20 November 2002, the institution was reorganized and officially opened as the Defence Services Institute of Nursing and Paramedical Sciences, expanding its capacity to produce skilled medical practitioners, laboratory technologists, radiology



Vice-Senior General Soe Win meets outstanding graduate trainees.

and imaging technologists, and physiotherapy and rehabilitation specialists.

After completing their training and serving the designated period in practical field assignments, graduates are appointed as gazetted officers. Qualified individuals are carefully selected to continue advanced studies through master's programmes, doctoral degrees, and diploma courses. Furthermore, the institute sends personnel to overseas nursing and medical universities to pursue postgraduate, master's, and diploma programmes, enabling them to gain international exposure. These efforts continuously strengthen and enhance the capabilities of the Tatmadaw's healthcare services.

Therefore, drawing inspiration from these exemplary historical records, it is urged that, efforts must continue to produce outstanding and proficient nurses, medical practitioners, and healthcare specialists in the new chapter of the institute. The Tatmadaw-trained nurses, medical professionals, and healthcare experts are recognized as indispensable personnel in the healthcare service sector. Nursing, in particular, involves restoring the health of individuals suffering from illness, addressing their physical, mental, and social needs, and providing care and treatment to alleviate their pain and suffering.

Skilled nursing care not only provides physical treatment and care for patients and their family members but also helps reduce the psychological stress caused by illness. Nurses serve as caregivers, coordinators, and empathetic supporters at every stage of a patient's health journey. Consequently, they actively participate in various aspects of health promotion activities. The fundamental spirit of nursing is guided by the five principles of "dedication, compassion, sympathy, gentleness, and exemplary conduct," and nurses are urged to care for and treat patients with devotion and compassion in accordance with these principles.

Healthcare professionals serve as key supporters in patient care within their respective areas of expertise. They are involved in disease detection and assessment, ensure that medications are properly stored and accurately delivered to patients without damage or expiry, and help patients regain both physical strength and mental well-being. Moreover, they contribute to patients' social and economic rehabilitation through supportive care. Because these health promotion and care responsibilities fall within the duties of medical professionals, the success of the healthcare system largely depends on the coordinated efforts of doctors, nurses, and other healthcare specialists.

Therefore, he wanted to emphasize the importance of utilizing their nursing and medical knowledge to the fullest extent possible to provide care for the health services of Tatmadaw members, their families, and the ethnic people.

He stated that before modern medical knowledge emerged, societies across the world had to rely solely on traditional medical treatments and medicines for healthcare. He noted that throughout Myanmar's history, the tradition of effectively caring for and treating the public's health with Myanmar traditional medicine and remedies is documented in historical records, and can be learned through the palm-leaf manuscripts, paper scrolls, and literary texts on traditional medicine written across the ages. *See Page 13*



Vice-Senior General Soe Win and Daw Than Than Nwe attend the graduation dinner of the 10th Intake of female nursing and paramedical science course.

*From Page 12*

Also, he stated that the State is seriously supporting the Traditional Medicine sector so that it can contribute to healthcare services using traditional medicine. He noted that in the efforts to develop Myanmar Traditional Medicine, the Pharmaceutical major is a core field that supports key factors such as drug quality, research, and human resources.

He stated that the responsibilities of pharmaceutical professionals include skillfully handling machinery and equipment in drug formulation and production, preserving raw materials and medicines, ensuring compliance with standard specifications, scientifically proving medicinal efficacy, and producing high-quality traditional medicine experts and conducting research. He emphasized that the key factor in the State's development processes is the strength of healthy human resources, and therefore, it's known to all that the State is continuously supporting the improvement of the health standard of the ethnic people.

He stated that following the principle that "Health is key; only when healthy can one learn, and only when healthy can one work," they must train and produce sufficient healthy human resources to enhance basic healthcare services for improving the public's health standards and increasing life expectancy, and then proceed to provide healthcare to people across the nation, Tatmadaw members, and their families.

He then stated that in carrying out public health care services, effective policies and plans are being formulated and implemented, based on the country's resources, for both disease prevention and ensuring quality medical treatment when illness occurs. He noted that the State Government is striving its utmost to ensure that the public receives accessible and high-quality health care with minimal out-of-pocket expenses. He concluded by urging the medical staff and good nurses of the Medical Corps, who contribute significantly to public health care, to strive to be complete and competent in all aspects, focusing not just on quantity but also on quality.

He also stated that since Tatmadaw members are individuals who are determined to sacrifice their lives and bodies to defend the State and protect the lives and properties of the public, the most important thing for being a good service member is to be complete with the five fundamental qualities: Morale, Discipline, Loyalty, Unity, and the three Capabilities. He noted that adhering to the 60 Codes of Conduct for Soldiers and preserving the 12 Noble Traditions of Tatmadaw are the basic requirements for becoming a good Tatmadaw member. He concluded that by following and practicing these fundamental requirements, and steadfastly continuing on their path throughout their service life, they will become good Tatmadaw members who possess the fundamental qualities.

Also, he stated that as medical staff members of Tatmadaw, they must also firmly cultivate The Spirit of Nursing. He mentioned that medical science is a difficult discipline, and based on this knowledge, it's necessary to strive to provide 100% coverage for the healthcare needs of Tatmadaw members, their families, and, concurrently, the public as well. He stated that it's inevitable they must continue to study, train, and comply with standards, combining new experiences encountered in the practical field with their acquired medical knowledge to achieve higher medical standards and better treatment and care systems. He also noted that while serving in the practical field, it's necessary to fulfill not only healthcare duties but also any specific responsibilities legitimately assigned by the Tatmadaw.

Also, he stated that everyone notice the accelerating pace of technological development, including AI, across all sectors of the world today. He stated that taking advantage of these advancing technologies, information warfare is being waged in political, military, and other sectors. He noted that the information warfare waged by domestic and foreign destructive elements is primarily targeting and entering through the social networks widely used by all social strata.

With the development of the media, we must also try to understand the dangers of fake news and misinformation, which have come along with the negative effects. In some areas, terrorist armed groups are using young people with little knowledge to disrupt the peace and stability of the country and the socio-economic development of the people. The exploitation of young people with little knowledge through the manipulation of terrorists is a loss of human resources for the future of the country.

Therefore, we would like to ask you to understand and acquire information and technical skills from one side and use your knowledge and wisdom to analyze fake news and misinformation that disintegrates the country, Tatmadaw, and distorts the perceptions and beliefs of your organization and family, and to decide only on the correct content, and to strive to improve your career and become professional nurses, medical professionals and medical experts through these skills.

The last point of the National Defence and Security Council's Four Objectives states, "To achieve success in the process of multiparty democratic general elections with public participation in implementing the multiparty democratic system that desired by the entire people." In order to build a union based on democracy and federalism, which is the goal of the entire ethnic people, successfully holding free and fair elections is an important process.

In order to ensure a successful election, all eligible voters have been provided with the right to vote, and arrangements have been made to use the Myanmar Electronic Voting Machine-MEVM to ensure a dignified election and to prevent voter fraud. In addition, international election observers have been invited. Partner countries that want to further develop the country's stability and democracy have supported the successful holding of the election and will send election observation teams.

In addition, a code of conduct and guidelines for local election observers have been issued, and the 2025 General Election Guidelines for Myanmar's media have been issued. This is to ensure that international and local observation teams can observe the 2025 multiparty democratic general election in a transparent, free and fair manner.

The election is the first important step in the democratic journey that the entire ethnic people want, and any efforts to prevent or delay the election are destroying the will of the entire ethnic people. Therefore, it is necessary to protect and fight against any sabotage that may disrupt the election, together with the entire public.

The Tatmadaw has temporarily shouldered the national responsibilities in accordance with the 2008 Constitution, and after the election is successfully completed, the state duties will be handed over to the elected government in line with democratic norms. Therefore, all are seriously urged to fully cooperate and participate in their respective sectors to successfully hold free, fair, and just elections within the stipulated period.

For the National Defence Services that will safeguard the Three Main National Causes, it is necessary to always strive to become military nurses, medical specialists, and medical practitioners who are full of energy and spirit. They must strictly adhere to the code of conduct for soldiers and medical ethics, continuously strive to become good members of the military nursing force, study and master the ever-evolving modern medical sciences, and endeavor to become more proficient medical scientists. They must value the good lives of nursing personnel, and through good efforts, strive to enhance their own dignity, the dignity of their units, the dignity of the Tatmadaw, and the dignity of the State in their respective places of duty.

Then, Vice-Senior General Soe Win, who was also presented with a salute by the graduating companies, left the military parade. After the military parade, the Vice-Senior General and party met the outstanding trainees at the Defence Services Institute of Nursing and Paramedical Science Headquarters and delivered a speech.

In the evening, the Vice-Senior General and party attended a farewell dinner in honour of the 10th Intake of the female nursing and paramedical science course, and dined together with the graduating nurses and other guests.

After the dinner, the Vice-Senior General and party watched the performance of the Honour Band of the Defence Services Institute of Nursing and Paramedical Science and presented cash awards.

Later, the Vice-Senior General and party together with the graduating nurses watched the entertainment performances presented by the Myawady music troupe under the supervision of the Directorate of Public Relations and Psychological Warfare.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win visits officers, other ranks receiving treatments at Defence Services Orthopaedics Hospital (500-Bed), Defence Services General Hospital (1000-Bed) in Mingalardon Township, inspects Myanma Tharkaung War Veterans Housing (Lay Daunt Kan)



Vice-Senior General Soe Win comforts a patient at Defence Services Orthopaedics Hospital (500-Bed).



Vice-Senior General Soe Win comforts a patient at Defence Services Hospital (1000-Bed).

**Nay Pyi Taw December 15**

Vice Chairman of the State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by senior officers from the Office of the Commander-in-Chief of Defence Services and the commander of Yangon Command, visited and spoke words of sympathy to the officers and other ranks who were receiving treatments at Defence Services Orthopaedics Hospital (500-Bed) and Defence Services Hospital (1000-Bed) in Mingalardon Township in Yangon Region this morning and inspected Myanma Tharkaung War Veterans Housing (Lay Daunt Kan).

First, the Vice-Senior General and party arrived at Defence Services Orthopaedics Hospital (500-Bed) and Defence Services General Hospital (1000-Bed) were greeted by the commandants of the hospital and responsible officers.

Then, the Vice-Senior General visited the officers and other ranks and asked about their injuries and diseases while speaking words of sympathy to them one by one and presenting foodstuffs and consumer products.

Then, the Vice-Senior General inspected the hospitals and their compounds and presented cash rewards for healthcare personnel performing duties there to the commandants.

Similarly, Daw Than Than Nwe , the wife of the Vice-Senior General, and party went to Defence Services Obstetrics, Gynecology and Child Hospital (300-Bed) and spoke words of encouragement to pregnant mothers before presenting foodstuffs to them. Then, she presented cash donations for medical supplies for the hospital to the commandant, who presented a certificate of honour to her in return.

Then, the Vice-Senior General and party proceeded to Myanma Tharkaung War Veterans Housing (Lay Daunt Kan) in Dagon Myothit (South) and were greeted by the chief minister of Yangon Region and officials. Then, the Vice-Senior General heard reports on completion and continued construction works, allocation of completed apartments to war veterans through priority-based selection, measures taken for the continued allocation, completion and continued implementation of the guidance of the Head of State, paving gravel-tar roads for smooth traveling in the compound, construction of gravel ditches for proper drainage, land allocation for construction of agriculture and livestock breeding facilities, markets, parks, sports grounds and playgrounds and requirements for electricity and water supply submitted by responsible officials at the briefing hall. After hearing the reports, the Vice-Senior General gave instructions on prevention of floods on roads in the compound during the rainy season, proper drainage, measures to be taken for facilitation of education, health, living, transportation of residents, administrative requirements and creation job opportunities for residents before coordinating the needs with responsible officials.

Afterward, the Vice-Senior General and party inspected completed buildings in the compound, apartments housing war veterans and their families and breeding 350 layers by using the Evaporated Fully Automatic System in the compound and gave necessary instructions.

Then, the Vice-Senior General and party presented nutritional supplements and cash assistance for the childcare centre opened in the compound before inspecting the compound by car and cordially greeting war veterans and families living there.



Vice-Senior General Soe Win greets war veteran families at Myanma Tharkaung War Veterans Housing (Lay Daunt Kan).

Afterward, the Vice-Senior General and party proceeded to the shopping complex construction site at the corner of Bayintnaung Road and No. 7 Highway near the housing and heard reports on implementation and salient points of the project, facilities included in the project, construction works, formation of QC teams, water and electricity supply and timely and fully completion within the set timeframe submitted by responsible officials. After hearing the reports, the Vice-Senior General gave instructions on the needs to carry out strength tests by using modern equipment without relying only on physical inspection so that the complex can withstand natural disasters, properly growing fast-growing shade and windbreak trees now for greening the surroundings of the complex, proper disposal of waste water and food left after consumption in restaurants and other requirements and inspected the completion of the complex. 100

# Fifteen more buildings used for online fraud and gambling in KK Park area demolished; searches continue in Myawady to prevent such crimes

An illegal two-storey residential building in Section 3 of KK Park area.



Before demolition.



After demolition.

**Nay Pyi Taw December 15**

The Myanmar government, through joint task forces comprising security force members, administrative bodies, and local authorities, continues to conduct clearance operations and systematically demolish illegal structures within the Shwe Kokko and KK Park areas, which have been major hubs for online fraud and gambling activities. These operations target buildings used in such illegal online schemes and seize related assets.

In the ongoing crackdown on online fraud and gambling, an additional fifteen illegal buildings — two three-storey buildings, and 13 two-storey buildings—within Sector (3) of the Myawady-Maehtawthalay (KK Park) area, used for committing these crimes, were demolished today. This brings the total number of illegal buildings demolished within the KK Park area to 444 out of a total of 635 illegal structures identified.

Furthermore, efforts are ongoing to swiftly repatriate illegal foreign nationals arrested in Myawady Township, Shwe Kokko, and KK Park areas, based on humanitarian considerations and friendly relations between nations. Joint departmental teams are working on this. Today, 127 individuals—comprising 45 Ethiopians, 39 Ugandans, 25 Sri Lankans, 6 Burundians, 3 Rwandans, 3 Sierra Leoneans, 2 Cameroonians, 1 Mongolian, 1 Moroccan, 1 Kenyan, and 1 Egyptian—who had been detained in the Myawady-Shwe Kokko area, were handed over to their respective countries via the Myanmar-Thailand Friendship Bridge No. (2) in accordance with legal procedures. It is reported that efforts continue to repatriate the remaining illegal foreign nationals, who are being kept in good custody.

Moreover, to prevent illegal foreign nationals from residing and operating online fraud and gambling schemes in buildings in and around Myawady town, Kayin State, joint teams including security forces, administrative bodies, and local authorities have been conducting search and clearance operations since December 8. Today, an additional four five-story buildings were inspected. No equipment used for online fraud and gambling or illegal foreign nationals were found within these buildings.

It is also reported that, to prevent the reuse of equipment seized from online fraud and gambling operations in the KK Park area of Myawady Township, such items were systematically burned and destroyed today.

The government considers combating online fraud and gambling a national duty and will continue its efforts to completely eradicate these activities within Myanmar. This will involve coordination not only with domestic forces but also with the governments of neighbouring countries. 100



The buildings that could hold illegal immigrants being cleared out.



The equipment used by online gambling offenders in K K Park area being burned and destroyed.

*From Page 11*

Its performance level has now reached a tactical air force from the level of the anti-insurgency force. Tatmadaw (Air) is very much supportive of the current anti-terrorism operations through launching effective air raids in the length and breadth of the country.

It is of vital importance that both, the fighting power and the prowess, must be sharpened to own an effective and powerful air force. Time and again, the State is providing the Air Force with aircraft of various kinds and operational support systems to enhance fighting power. Full fighting power can be achieved only through proper maintenance of the systems and assurance of their full combat capacity. Hence, soldiers of the Air Force must carefully handle them and maintain and repair them properly.

In addition, advancement of the prowess must be ensured through ongoing efforts. Every soldier will be able to effectively apply the fighting power only if he is skilled in the assigned task. As health, fitness and courage are essential in shouldering combat missions, leaders at all levels should pay special attention to improving physical and mental fitness and conviction and belief. Only if all soldiers strive in harmony and unison in the flying section, administrative sector and mechanical section, will the Tatmadaw (Air) be totally equipped with full prowess and win battle victories in accord with the motto -- Spreading wings towards victory.

The improvement of prowess of an air force depends on all soldiers serving in the technical fields. Skillful performance of pilots alone is not enough in flying missions, as skillfulness of airmen, flight engineers, and crew members is also essential. Flying missions will achieve success only through inclusive and harmonious efforts. In addition to sector-wise harmonious efforts, coordination among the sectors is also required for the success of air missions. Hence, internal unity must be strengthened, and the leaders at different levels must give correct leadership through harmonious coordination.

The good results from success and developments the Tatmadaw (Air) has been achieving are the results from the courage, self-less sacrifices and dutifulness of officers and other ranks of the successive periods, and their efforts are recognized and honoured. The in-service military personnel should take them as examples in shouldering the national defence duties well, and leaving a good legacy for the future generations and enhancing the prowess of the Air Force through collective efforts.

The Senior General urged the soldiers to preserve and hand down the noble traditions of Tatmadaw (Air) and to accomplish their missions with best efforts, and prayed for the Tatmadaw (Air) to further strengthen its fighting power and prowess all along the years starting from the 78th Anniversary and to become a reliable Air Force of the country.

Afterward, General Tun Aung presented a commemorative gift to the Senior General.

Subsequently, airplanes and helicopters conducted a demonstration flight salute and aerobatic display. Four Mi-17 helicopter flew in Arrow Head Formation, two Bell-206 helicopters, two H-125 helicopters and two H-120 helicopters, in Composite Formation, one MTX-1B reconnaissance plane, and three Grob-120 TP trainer aircraft, in Composite Formation, five K-8 fighters, in Kite Formation, four F-7 fighters, in Box Formation, five MiG-29 multipurpose jet fighters, in Arrow Head Formation, two Su-30 multipurpose heavy jet fighters and FTC-2000G fighters, in Composite Formation respectively.

MiG-29 multipurpose jet fighters and Su-30 SME post-fourth generation multipurpose heavy jet fighters conducted High Performance Maneuver.

One MiG multipurpose jet fighter, coming towards the viewpoint, flew in Victory Roll Maneuver, Slow Flight, Zoom Climb Maneuver, Vertical Roll Maneuver and four MiG jet multipurpose fighters flew in Box Formation directly towards the viewpoint in conducting an aerial salute.

One Su-30 SME post-fourth generation multipurpose heavy jet fighter flew in Point Roll Maneuver, High-G Turn Maneuver, Derry Turn Maneuver, Oblique Loop Maneuver, Combat Turn Maneuver, Flap Spin Maneuver and finally, in Slow Flight Maneuver and launched fireworks in saluting the Senior General.

Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and party released birds in commemoration of the 78th Anniversary, and posed for documentary photos.

The Senior General cordially greeted the pilots who participated in the fleet demonstration, and presented cash rewards to them. 100





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်(လေ) ဖွဲ့စည်းတည်ထောင်မှု ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(လေ)မှ အရာရှိ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်(လေ)၏ သမိုင်းကို ပြန်ကြည့်မည်ဆိုပါက ဒုတိယကမ္ဘာစစ် ၇၈ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း။

တပ်မတော်(လေ) စတင်ဖွဲ့စည်းတည်ထောင်ပြီးချိန်နှင့် မရှေးမနှောင်း၌ပင် ပြည်တွင်းရောင်စုံသူပုန်များ၏ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများ နိုင်ငံအနှံ့ပေါ်ပေါက်လာခဲ့ကြောင်း၊ နိုင်ငံလွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို စောင့်ရှောက်ကာကွယ်ထိန်းသိမ်းနိုင်ရန် တပ်မတော်(လေ)သည် စီမံခန့်ခွဲမှု၊ ဖွဲ့စည်းလေ့ကျင့်မှုနှင့် လက်နက်တပ်ဆင်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေချိန်၌ပင် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)တို့နှင့်အတူ သောင်းကျန်းမှုနှိမ်နင်းချေမှုန်းရေးအတွက် စစ်ဆင်ပျံသန်းမှုများပြုလုပ်ခဲ့ရကြောင်း၊ မျိုးချစ်စိတ်၊ ဇွဲသတ္တိနှင့် တီထွင်ကြံဆလိုစိတ်တို့ကိုအရင်းခံပြီး ရှိသည့်လေယာဉ်ရှိသည့်လက်နက်ကိုအကောင်းဆုံးအသုံးချပြီး ရည်မှန်းချက်အောင်မြင်အောင် ... အသက်သွေးချွေးများစွာ ရင်းနှီးစတေးပြီး သူရဲကောင်းပီသစွာ ရဲရဲရင့်ရင့်တိုက်ပွဲဝင်ခဲ့သောကြောင့် တိုက်ပွဲအဆုံးအဖြတ်အပေါ်များစွာအထောက်အကူပြုနိုင်ခဲ့ကြောင်း။

**နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးရေးနှင့် အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် တည်ဆောက်ကြိုးပမ်းရာတွင် ခိုင်မာတောင့်တင်းသည့် ကာကွယ်ရေးစွမ်းအားစုတစ်ရပ်ပိုင်ဆိုင်ထားရန်မဖြစ်မနေလိုအပ်သည်မှာအထင်အရှားပင်ဖြစ်**ကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပြည်သူကြားက ပေါက်ဖွားလာသည့်မျိုးချစ်ပြည်သူ့တပ်မတော်ဖြစ်ပြီး တိုင်းရင်းသား**ပင်ဖြစ်**ကြောင်း၊ ထို့ကြောင့် **အစဉ်ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသည့် ခြိမ်းခြောက်စိန်ခေါ်မှုအမျိုးမျိုးကို အပြည့်အဝရင်ဆိုင်တုံ့ပြန်နိုင်အောင် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဟူသည့် ကာကွယ်ရေး စွမ်းအားစုကြီးကို ခိုင်မာတောင့်တင်းပြီး စွမ်းရည်မြင့်မားထက်မြက်စွာတည်ဆောက်ထားရန် အထူးလိုအပ်**ကြောင်း၊ **သို့မှသာ အမိနိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို အာမခံချက်အပြည့်အဝဖြင့် ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်**ကြောင်း။

တပ်မတော်(လေ)ကိုလည်း ခေတ်အဆက်ဆက်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်ကာ ခေတ်မီပြီး စွမ်းရည်ထက်မြက်အင်အားတောင့်တင်းခိုင်မာသည့် လေတပ်တစ်ခုအဖြစ်အဆင့်ဆင့်နိုင်ခဲ့ကြောင်း၊ လက်ရှိဆင်နွှဲနေသည့်အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ဆင်မှုများတွင် တပ်မတော်(လေ)အနေဖြင့် နိုင်ငံအနှံ့ပျံသန်းစစ်ဆင်မှုများ ထိထိရောက်ရောက်ဆောင်ရွက်ကာ အထောက်အကူပြုနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထိရောက် အစွမ်းထက်မြက်သည့် လေကြောင်းစွမ်းအားကို ပိုင်ဆိုင်အသုံးချနိုင်ရေးလေတပ်၏တိုက်စွမ်းအားနှင့် တိုက်စွမ်းရည်နှစ်မျိုးလုံး မြင့်မားပြည့်စုံအောင် တည်ဆောက်ထားရန်အထူးလိုအပ်ကြောင်း၊ တိုက်စွမ်းအား တိုးတက်ကောင်းမွန်စေရေးအတွက် နိုင်ငံတော်အနေဖြင့် လေယာဉ်၊ ရဟတ်ယာဉ်နှင့်စစ်ဆင်ရေးအထောက်အကူစနစ်များကို အခါအားလျော်စွာ ကြိုးပမ်းဖြည့်တင်းပေးနေကြောင်း၊ ယင်းစနစ်များ





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်(လေ) ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် လေယာဉ်များက သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် စွမ်းရည်ပြသခြင်းများ ဆောင်ရွက်ကြစဉ်။

ကာလအတွင်း ဗမာ့အပျော်တမ်းလေတပ်ဖွဲ့ (BVAU)နှင့် ဗမာ့အပျော်တမ်းလေတပ် (BVAF)တို့အဖြစ် အဆင့်ဆင့်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြင့် အစတည်ခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် တပ်မတော်(လေ) အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြင့် တပ်မတော်(လေ)အဖြစ် စတင်ပေါ်ထွန်းရပ်တည်နိုင်ခဲ့သည်မှာ ယနေ့ဆိုပါက ... ကြိုးပမ်းတိုက်ပွဲဝင်ခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ တပ်မတော်(လေ)သည် ယနေ့အချိန်ထိ ပြည်ပကျူးကျော်မှုတွန်းလှန်ချေမှုန်းရေးနှင့် ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်မှု အမျိုးမျိုးသာမက မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းမှု စစ်ဆင်ရေးများတွင်လည်း ပါဝင်တိုက်ပွဲဝင်ဆင်နွှဲခဲ့ရာ တပ်မတော်(လေ) စစ်သည်တော်များ၏ ပေါင်းစုံပါဝင်သည့် ပြည်ထောင်စုတပ်မတော်လည်းဖြစ်ကြောင်း၊ **ခေတ်အဆက်ဆက် နိုင်ငံတော်အပေါ် ကျရောက်လာသည့် ပြည်တွင်းပြည်ပ အန္တရာယ်အမျိုးမျိုးကို ပြည်သူများနှင့်လက်တွဲပြီး အသက်သွေးချွေးများစွာ ပေးဆပ်ကာကွယ်စောင့်ရှောက်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်**ကြောင်း၊ **အရေးကြုံလာတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည်ပေးခဲ့သည်မှာ တပ်မတော်** ... တည်ဆောက်ပေးလျက်ရှိကြောင်း၊ စတင်ဖွဲ့စည်းတည်ထောင်ချိန်က အခြေစိုက်စခန်းတစ်ခုနှင့် ပျံသန်းရေးအုပ်အနည်းငယ်သာရှိခဲ့ရာမှ ယခုဆိုပါက မြန်မာ့ဝေဟင်ပိုင်နက်တစ်ခုလုံးကို အလှမ်းမီစိုးမိုးနိုင်ရန် ဖြန့်ကြက်ချထားနိုင်ပြီဖြစ်ကြောင်း၊ စွမ်းဆောင်ရည်ပိုင်းတွင်လည်း သောင်းကျန်းမှုနှိမ်နင်းရေးလေတပ်အဆင့်မှ နည်းဗျူဟာမြောက်လေတပ်တစ်ခုအဖြစ်တိုးတက်တည်ဆောက် ... အမြဲတမ်းကောင်းမွန်ပြီး စွမ်းအားပြည့်တိုက်ပွဲဝင်နိုင်မှသာ တိုက်စွမ်းအားရရှိမည်ဖြစ်သည့်အတွက် တပ်မတော်(လေ)စစ်သည်တော်များအနေဖြင့် အမြတ်တနိုး တန်ဖိုးထားကာ စနစ်တကျကိုင်တွယ်အသုံးပြုကြရန်၊ ပြုပြင်ထိန်းသိမ်းကြရန် အလေးအနက်တိုက်တွန်းလိုကြောင်း။

တစ်ဖက်ကလည်းတိုက်စွမ်းရည်မြင့်မားကောင်းမွန်အောင် အစဉ်ကြိုးပမ်းနေရမည်

ဖြစ်ကြောင်း၊ စစ်သည်တော်တိုင်းသည် မိမိတို့တာဝန်ကျရာ နယ်ပယ်အလိုက်ကျွမ်းကျင်မှုရှိနေမှသာ ဖြည့်ဆည်းပေးထားသည့် တိုက်စွမ်းအားများကို အကျိုးအရှိဆုံးအသုံးချနိုင်မည်ဖြစ်ကြောင်း၊ စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရာတွင် ကျန်းမာကြံ့ခိုင်မှုနှင့် ရဲစွမ်းသတ္တိရှိမှုတို့သည်လည်း မရှိမဖြစ်လိုအပ်သည့်အတွက် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်ရေး၊ ယုံကြည်ချက်ခံယူချက်မြင့်မားကောင်းမွန်ရေးကို ခေါင်းဆောင်အဆင့်ဆင့်က အထူးအလေးထားလေ့ကျင့်တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ပျံသန်းရေး၊ အုပ်ချုပ်ရေးနှင့် စက်မှုလက်မှုကဏ္ဍကြီးသုံးရပ်လုံးရှိ စစ်မှုထမ်းအားလုံးတက်ညီလက်ညီ ကြိုးပမ်းလုပ်ဆောင်ကြမှသာ တပ်မတော်(လေ)အနေဖြင့် တိုက်စွမ်းရည်တိုက်စွမ်းအားပြည့်ဝကောင်းမွန်ပြီး **“တောင်ပံဖြန့်ချီ အောင်ပွဲဆီသို့”** ဟူသည့်အတိုင်း အောင်မြင်မှုများရရှိမှာဖြစ်ကြောင်းကို သတိ


နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တပ်မတော်(လေ) ၇၈နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ငှက်များကို ဘေးမဲ့လွှတ်ပေးစဉ်။

**ခေတ်အဆက်ဆက် နိုင်ငံတော်အပေါ် ကျရောက်လာသည့် ပြည်တွင်းပြည်ပအန္တရာယ်အမျိုးမျိုးကို ပြည်သူများနှင့်လက်တွဲပြီး အသက်သွေးချွေးများစွာ ပေးဆပ်ကာကွယ်စောင့်ရှောက်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်၊ အရေးကြုံလာတိုင်း ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည်ပေးခဲ့သည်မှာ တပ်မတော်ပင်ဖြစ်၊ အစဉ်ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသည့်ခြိမ်းခြောက်စိန်ခေါ်မှုအမျိုးမျိုးကို အပြည့်အဝရင်ဆိုင်တုံ့ပြန်နိုင်အောင် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဟူသည့် ကာကွယ်ရေးစွမ်းအားစုကြီးကို ခိုင်မာတောင့်တင်းပြီး စွမ်းရည်မြင့်မားထက်မြက်စွာတည်ဆောက်ထားရန် အထူးလိုအပ် . . .**

ပေးပြောကြားလိုကြောင်း။

လေတပ်တစ်ခု စွမ်းရည်မြင့်မားကောင်းမွန်နေရေးသည် ပညာရပ်နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် စစ်သည်တော်များအားလုံးအပေါ် တည်မှီနေကြောင်း၊ ပျံသန်းရေးကဏ္ဍတွင် လေသူရဲများကျွမ်းကျင်ထက်မြက်နေရုံဖြင့်မပြီးဘဲ လေယာဉ်သားများ၊ ပျံသန်းမှုအင်ဂျင်နီယာများ၊ လေယာဉ်အမှုထမ်းများအားလုံး မိမိလုပ်ငန်းတာဝန်ကို ကျွမ်းကျင်ပိုင်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ပြင် လိုက်လျောညီထွေစွာဖြင့် အားလုံးကပူးပေါင်းဆောင်ရွက်ကြမှသာ ပျံသန်းရေးတာဝန်များအောင်မြင်မည်ဖြစ်ကြောင်း၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင်လည်း ကဏ္ဍအလိုက် တက်ညီလက်ညီပူးပေါင်းလုပ်ဆောင်ရမည့်အပြင် ကဏ္ဍတစ်ခုနှင့်တစ်ခု ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြမှသာ တပ်မတော်(လေ)၏လုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှုခိုင်မာအောင်တည်ဆောက်ပြီး အဆင့်ဆင့်ခေါင်းဆောင်များ၏ မှန်ကန်သည့် ခေါင်းဆောင်မှုနှင့် ညီညီညွတ်ညွတ်ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်သွားကြရန် အလေးထားတိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်(လေ) စတင်တည်ထောင်ခဲ့ချိန်ကစပြီး ယနေ့အထိရရှိခဲ့သည့် အောင်မြင်တိုးတက်မှုများနှင့် ရလဒ်ကောင်းများသည် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိစစ်သည်အားလုံး၏ ရဲစွမ်းသတ္တိပြည့်ဝမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှုတာဝန်ကျေပွန်မှုများကြောင့်ဖြစ်သည်ကို


နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သရုပ်ပြ အုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သော လေသူရဲများကို ဂုဏ်ပြုနှုတ်ဆက် စကားပြောကြားစဉ်။

ဂုဏ်ပြုပြောကြားလိုကြောင်း၊လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် စစ်မှုထမ်းများအနေဖြင့် ၎င်းတို့ကိုအတုယူစံနမူနာထားပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရမည့်အပြင် နောင် မျိုးဆက်သစ်များအတွက်ပါ ကောင်းမွေများချန်ထားပေးနိုင်ရေး၊ တပ်မတော်(လေ)၏စွမ်းဆောင်ရည် အစဉ်တိုးတက်မြင့်မားနေရေး ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

လေတပ်စစ်သည်တော်များ အနေဖြင့် တပ်မတော်(လေ)၏ မွန်မြတ်သည့်အစဉ်အလာကောင်းများကိုထိန်းသိမ်းစောင့်ရှောက်လက်ဆင့်ကမ်းပေးကြပြီး မိမိတို့သက်ဆိုင်ရာ ကျွမ်းကျင်မှုကဏ္ဍများအလိုက် ရည်မှန်းချက်တာဝန်များကို အကောင်းဆုံးအကျေပွန်ဆုံးကြိုးစားထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားရင်း ယနေ့ ၇၈ နှစ်မြောက်တပ်မတော်(လေ)နှစ်ပတ်လည်နေ့မှသည် နောင်လာမည့် နှစ်ပတ်လည်နေ့များစွာတိုင် တိုက်စွမ်းရည်တိုက်စွမ်းအား မြင့်မားကောင်းမွန်ပြီး နိုင်ငံတော်အတွက် အားထားရသည့် တပ်မတော်(လေ)အဖြစ် အစဉ်ရပ်တည်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလိုက်ကြောင်း ဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က တပ်မတော်(လေ)ဖွဲ့စည်းတည်ထောင်မှု ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြ အုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် စွမ်းရည်ပြသခြင်းများကို ဆောင်ရွက်ရာ Mi-17 ရဟတ်ယာဉ် လေးစင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ Bell – 206 ရဟတ်ယာဉ် နှစ်စင်း၊ H-125 ရဟတ်ယာဉ် နှစ်စင်း၊ H – 120 ရဟတ်ယာဉ် နှစ်စင်းတို့က Composite Formation ပုံစံဖြင့်လည်းကောင်း၊ MTX-1B ကင်းထောက်လေယာဉ်တစ်စင်းနှင့် Grob-120 TP အမောင်းသင်လေယာဉ် သုံးစင်းတို့က Composite Formation ပုံစံဖြင့် လည်းကောင်း၊ K-8 ဂျက်တိုက်လေယာဉ် ငါးစင်းတို့က Kite Formation ပုံစံဖြင့်လည်းကောင်း၊ F – 7 တိုက်လေယာဉ် လေးစင်းက Box Formation ပုံစံဖြင့်လည်းကောင်း၊ MiG-29 ဘက်စုံသုံးဂျက်တိုက်လေယာဉ် ငါးစင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ Su-30 SME ဘက်စုံသုံးအကြီးစားဂျက်တိုက်လေယာဉ် နှစ်စင်းနှင့် FTC – 2000G တိုက်လေယာဉ် နှစ်စင်းတို့က Composite Formation ပုံစံဖြင့်လည်းကောင်း အသီးသီးသရုပ်ပြပျံသန်းကြသည်။

ဆက်လက်ပြီး MiG-29 ဘက်စုံသုံးဂျက်တိုက်လေယာဉ်များနှင့် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ်များက အဆင့်မြင့်လှုပ်ရှားစစ်ကစားမှု (High Performance Maneuver)များ စွမ်းရည်ပြပျံသန်းခြင်းများကို ဆောင်ရွက်သည်။

ထိုသို့စွမ်းရည်ပြသရာတွင် MiG-29 ဘက်စုံသုံးဂျက်တိုက်လေယာဉ်တစ်စင်းက ရှုရပ်၏ရှေ့တည့်တည့်မှ ဝင်ရောက်လာပြီး Victory Roll Maneuver နှင့် Level 8 Maneuver ကိုလည်းကောင်း၊Combat Turn နှင့် Multiple Roll Maneuver ကိုလည်းကောင်း၊ Slow Flight နှင့် Zoom Climb Maneuver၊ Vertical Roll Maneuver တို့ကိုလည်းကောင်း စွမ်းရည်ပြပျံသန်းပြီး MiG-29 ဘက်စုံသုံး ဂျက်တိုက်လေယာဉ်လေးစင်းက ရှုရပ်၏ရှေ့တည့်တည့်မှ Box Formation ပုံစံဖြင့် အုပ်ဖွဲ့ပျံသန်းအလေးပြုကြသည်။

ထို့နောက် စတုတ္ထမျိုးဆက်လွန်ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ်တစ်စင်းက Point Roll Maneuver၊ High-G Turn Maneuver၊ Derry Turn Maneuver၊ Oblique Loop Maneuver၊ Combat Turn Maneuver၊ Flap Spin Maneuver တို့ဖြင့် စွမ်းရည်ပြပျံသန်းပြီး နောက်ဆုံးတွင် Slow Flight Maneuver ဖြင့် ပျံသန်းသရုပ်ပြသ၍ မီးကျည်များကိုပစ်လွှတ်ကာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အလေးပြုသည်။

ယင်းနောက် ဒီဝိတဒါနငှက်လွှတ်ခြင်း ဆောင်ရွက်ကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက တပ်မတော်(လေ) ၇၈နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ငှက်များကို ဘေးမဲ့လွှတ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သော လေသူရဲများကို ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(ဖြစ်)

# ၁၅ ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်း



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုကလှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို ပြန်ကြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်က လက်ခံရယူစဉ်။



မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ ၁၅ ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲကျင်းပစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ ၁၅ ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Dolphin Hall၌ ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှမိသားစုက ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ကန်တော့ခံသက်ကြီးဂီတပညာရှင်များနှင့် ဂီတ၊ ရုပ်ရှင်၊ စာပေ၊ သဘင်မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မုဒိတာစကားပြောကြားရာတွင် ယနေ့ကန်တော့ခံ ဂီတပညာရှင်ကြီးများနှင့် တက်ရောက်လာကြသော ဂီတ၊ ရုပ်ရှင်၊ စာပေ၊ သဘင်စသည့် အနုပညာရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ဂီတပညာရှင်ကြီးများအနေဖြင့် မိမိတို့ဘဝတစ်လျှောက်လုံး ဂီတစွမ်းအားဖြင့် မိမိအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆောင်ရွက်ခဲ့ကြသည့် သမိုင်းမှတ်တမ်းကောင်းရှိသူများ ဖြစ်ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နူးညံ့သိမ်မွေ့သည့် ဂီတပညာဖြင့် လူငယ်များအပါအဝင် ပြည်သူတို့၏ စိတ်ဓာတ်များကောင်းမွန်နူးညံ့သိမ်မွေ့အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပြည်သူလူထုကို ပျော်ရွှင်မှုရရှိရေး ဖျော်ဖြေပေးနိုင်သည်မှာ ဂီတ၏ ကောင်းကျိုးများပင် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ နိုင်ငံနှင့် ပြည်သူအတွက် တာဝန်ကျေခဲ့ကြသည့် အနုပညာရှင်ကြီးများ၏ ဂုဏ်ကျေးဇူးကို နိုင်ငံတော်က အသိအမှတ်ပြုလေးစားလျက် အခါအားလျော်စွာနှင့် နှစ်စဉ်နှစ်တိုင်း စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများနှင့် သင့်တော်သည့် စွမ်းရည်ဆိုင်ရာ ထူးချွန်တံဆိပ်များ ချီးမြှင့်ပေးလျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့် ဂီတအပါအဝင် အနုပညာရှင်များအားလုံးကို ထောက်ပံ့ကူညီမှုများဖြင့် အစဉ်အားပေးလျက်ရှိပါကြောင်း၊ "ဂီတစွမ်းအား ပြည်ထွန်းကား" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့စွမ်းအားဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ကြပါစေ၊ ဂီတပညာရှင်ကြီးများအားလုံး အသက်ရှည်ကျန်းမာစွာဖြင့် ဂီတလောကကို မြှင့်တင်နိုင်ကြပါစေ၊ ယခုကဲ့သို့ပင် သက်ကြီးဂီတပညာရှင်များကို ပူဇော်ကန်တော့ပွဲ နှစ်စဉ်ကျင်းပနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က မုဒိတာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အထွေထွေအတွင်းရေးမှူးက သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းရရှိသော အလှူငွေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်က လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့်က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၅၆ သိန်းကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို တာဝန်ရှိသူက လည်းကောင်း၊ အလှူရှင်များကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီး ဂီတပညာရှင်ကြီးများကို ကန်တော့ချိုးဖြင့်ကန်တော့ကြပြီး တက်ရောက်လာကြသည့် ကန်တော့ခံသက်ကြီးဂီတပညာရှင်ကြီး ၁၅၆ ဦးကို ကန်တော့ခံပစ္စည်းများ၊ ဂါရဝပြုဂုဏ်ပြုငွေများ ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံသက်ကြီး ဂီတပညာရှင်ကြီးများကိုယ်စား စည်သူ ဒေါ်တင်တင်မြက ဩဝါဒစကားပြောကြားပြီး ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးတို့က အခမ်းအနားသို့ တက်ရောက်လာသည့် ကန်တော့ခံ သက်ကြီး ဂီတပညာရှင်ကြီးများကို ရင်းရင်းနှီးနှီး ဂါရဝပြုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်း သင်တန်းသူများကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်း သင်တန်းသူများကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်စိုးလင်းနှင့် ကျောင်းဆင်းသင်တန်းသူများနှင့်မိဘများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ကျောင်းဆင်းသင်တန်းသူ တစ်ဦးချင်းစီကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာများ ပေးအပ်သည်။

ဆေးဝန်ထမ်း တာဝန်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
စစ်ရေးချုပ်
ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်
ကျောင်းဆင်းသင်တန်းသူ
တစ်ဦးချင်းစီကို
ဆေးဝန်ထမ်းတာဝန်
ခန့်အပ်လွှာများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိီရိပုံချီ မဟာသရေစည်သူစိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၀)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ ခိုင်စံပယ်မျိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိီရိပုံချီ မဟာသရေစည်သူစိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၀)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ ရီရီမြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိီရိပုံချီ မဟာသရေစည်သူစိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၀)မှ စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ သင်းသင်းသီရိအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ **ကျောဖုံးမှအဆက်**

ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းသင်တန်းသား၊ သင်တန်းသူများ၏ မိဘအုပ်ထိန်းသူများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိီရိပုံချီ မဟာသရေစည်သူ စိုးဝင်းက သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး အလံတော်အဖွဲ့နှင့် ကျောင်းဆင်းတပ်ခွဲများကို စစ်ဆေးသည်။ ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကျောင်းဆင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိီရိပုံချီ မဟာသရေစည်သူစိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၀)မှ အကောင်းဆုံးသင်တန်းသူဆု ရရှိသူ သင်တန်းသူ ခိုင်စံပယ်မျိုး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ ရီရီမြင့်နှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ သင်းသင်းသီရိတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိီရိပုံချီ မဟာသရေစည်သူ စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ ရည်ရွယ်ချက်ဖြစ်သည့် **“ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသား**



တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

**တပ်မတော်အတွက် လိုအပ်သောလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်”** ဆိုသည်နှင့်အညီ စဉ်ဆက်မပြတ်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာတွင် **“သူရ၊ ပညာ၊ ကျွမ်းကျင်”** ဆိုသည့် ဆောင်ပုဒ်အတိုင်း သူရသတ္တိနှင့်ပြည့်စုံပြီး လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် **“ကျွမ်းကျင်၊ ကူညီ၊ ဆေးစစ်သည်”** များအဖြစ် ယနေ့ သင်တန်းဆင်းကြသူများ အပါအဝင် ဘွဲ့ကြို၊ ဘွဲ့လွန်၊ ဒီပလိုမာ လက်မှတ်ရသူ စုစုပေါင်း ၅၆၉၂ ဦးကို လေ့ကျင့် မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းဆင်းသင်တန်းသူများ အနေဖြင့် စစ်ပညာပိုင်းတွင် တပ်စုမှူး အဆင့်၊ ဆေးပညာပိုင်းတွင် စစ်မြေပြင် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ပြီးဖြစ်၍ သူနာပြုအဓိဋ္ဌာန် ကတိသစ္စာ ကိုးချက်ကို တည်ကြည်ဖြောင့်မတ်စွာစောင့်ထိန်းပြီး တပ်မတော်နှင့် ပြည်သူအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာ၊ မေတ္တာအရင်းခံဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းကပင် ယှဉ်တွဲသန္ဓေတည်ပေါက်ဖွားလာခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ချီတက်ရာခရီးတစ်လျှောက် ထားဝယ်စစ်ကြောင်းမှစ၍ ဦးစွာလိုက်ပါလာခဲ့သည်မှာ သူနာပြုတပ်ဖွဲ့ပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီး ပြည်တွင်းသောင်းကျန်းမှုကာလ၏ သမိုင်းခရီးတွင် သူနာပြုအရာရှိ၊ စစ်သည်များအနေဖြင့် စစ်မြေပြင် ဆေးအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များတွင် ထူးခြားပြောင်မြောက်စွာ ထမ်းဆောင်နိုင်ခဲ့သဖြင့် ဖလောရင့်နိုက်တင်ဂေးဆုအပြင် ထိုကာလက စစ်သေနာပတိ၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်ခံရသည်အထိ သူနာပြုအရာရှိ၊ စစ်သည်များ၏ သမိုင်းမှတ်တမ်းကောင်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၁၉၅၉ ခုနှစ် စစ်သူနာပြုသင်တန်း တပ်ဆွယ်တွင် အမျိုးသမီးစစ်သူနာပြုအရာရှိသင်တန်းကို အမှတ်စဉ်(၁)မှ အမှတ်စဉ်(၁၆)ထိ ဖွင့်လှစ်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် သူနာပြုသိပ္ပံဘွဲ့ အမျိုးသမီးဗိုလ်လောင်းသင်တန်းကို အမှတ်စဉ်(၁)မှ အမှတ်စဉ်(၄)ထိ တပ်မတော်ဆေးတက္ကသိုလ်တွင် ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် တပ်မတော်သူနာပြုတက္ကသိုလ်ကို စတင်ဖွင့်လှစ်ကာ အမျိုးသား၊ အမျိုးသမီးများကိုပါ သူနာပြုသိပ္ပံဘွဲ့သင်တန်းများ တက်ရောက်စေခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး ဆေးဝါးကျွမ်းကျင်သူ၊ ဓာတ်ခွဲနည်းပညာ ကျွမ်းကျင်သူ၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာကျွမ်းကျင်သူနှင့် ခန္ဓာသန်စွမ်းမှု နည်းပညာကျွမ်းကျင်သူ ပညာရှင်များကို တိုးချဲ့မွေးထုတ်နိုင်ခဲ့ကြောင်း။

သင်တန်းဆင်းပြီး လက်တွေ့နယ်ပယ်တွင် သတ်မှတ်ကာလ တာဝန်ထမ်းဆောင်ပြီးပါက ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးအပ်သကဲ့သို့ အရည်အချင်းပြည့်မီသူများကို စိစစ်ရွေးချယ်ကာ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများနှင့် ဒီပလိုမာသင်တန်းများကို ဆက်လက်တက်ရောက်စေလျက်ရှိကြောင်း၊ ထို့ပြင် **တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ပြည်ပနိုင်ငံအချို့၌ရှိသည့် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များတွင် ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့နှင့် ဒီပလိုမာဘွဲ့များအတွက် စေလွှတ်တက်ရောက်ခဲ့ပြီး တပ်မတော်၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကဏ္ဍကို ပိုမိုမြင့်မားအောင် အရှိန်အဟုန်မပျက်လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း။**

ထို့ကြောင့် အဆိုပါအတိတ်သမိုင်းမှတ်တမ်းကောင်းများကို စံနမူနာယူပြီး တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ သမိုင်းအသစ်တွင် ထူးချွန်ပြောင်မြောက်သည့် သူနာပြု၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာသည်များအဖြစ် ဆက်လက်ကမ္ပည်းထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ တပ်မတော်က လေ့ကျင့် **စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

မွေးထုတ်ပေးလိုက်သည့် တပ်မတော်သူနာပြု၊ ဆေးဝါးကျွမ်းကျင်သူနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာသည်များသည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် မရှိမဖြစ်လိုအပ်သည့် အရေးပါသူများဖြစ်ကြောင်း၊ သူနာပြုစုခြင်းသည် ရောဂါဝေဒနာခံစားနေရသည့် လူတစ်ဦးကို ကျန်းမာအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မကျန်းမာသူတစ်ဦး၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းအပြင် လူနာ၏ နာကျင်မှုနှင့် ဝေဒနာခံစားနေရမှုကို သက်သာစေရန် ပြုစုကုသပေးခြင်းလည်းဖြစ်ကြောင်း။

ကျွမ်းကျင်သည့် သူနာပြုစုစောင့်ရှောက်မှုသည် ကျန်းမာရေးမကောင်းသည့် လူနာနှင့် မိသားစုဝင်များ၏ ရုပ်ပိုင်းဆိုင်ရာပြုစုကုသမှုကို လုပ်ဆောင်ပေးနိုင်ကြသကဲ့သို့ ရောဂါဝေဒနာကြောင့် ဖြစ်ပေါ်လာသည့် စိတ်ဖိစီးမှုများ လျော့ပါးသွားစေအောင်လည်း ဆောင်ရွက်ပေးနိုင်ကြောင်း၊ သူနာပြုများသည် လူနာ၏ကျန်းမာရေးအခြေအနေ အဆင့်ဆင့်များတွင် စောင့်ရှောက်မှုပေးသူ၊ စည်းရုံးညှိနှိုင်းသူနှင့် စိတ်ခံစားမှု စာနာနှစ်သိမ့်သူအဖြစ်လည်း ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များတွင် အသွင်သဏ္ဌာန်မျိုးစုံဖြင့် ပါဝင်နေကြခြင်းဖြစ်၍ သူနာပြုစိတ်ဓာတ်၏ အခြေခံဖြစ်သည့် **"ဝါသနာ၊ စေတနာ၊ အကြင်နာ၊ အနစ်နာ၊ နမူနာ"**ဆိုသည့် နာ ငါးနာနှင့်အညီ လူနာများအပေါ် စေတနာမေတ္တာထားပြုစုကုသသွားကြရန် မှာကြားလိုကြောင်း ။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ကျောင်းဆင်းသူနာပြုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ကျန်းမာရေးစောင့်ရှောက်မြှင့်တင်မှုလုပ်ငန်းစဉ်များသည် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ၏ လုပ်ငန်းတာဝန်များဖြစ်သောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အောင်မြင်မှုသည် ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ် များစွာမူတည်နေကြောင်း။

ထို့ကြောင့် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် မိမိတို့တတ်စွမ်းသမျှသော သူနာပြုနှင့် ဆေးဘက်ဆိုင်ရာပညာရပ်များ အစွမ်းကုန်အသုံးချပြီး ပြုစုစောင့်ရှောက်ပေးသွားကြရန် ... ဆေးပညာရပ်ဆိုင်ရာ ပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်များမှတစ်ဆင့် သိရှိနိုင်ကြောင်း။

နိုင်ငံတော်ကလည်း ကျန်းမာရေးစောင့်ရှောက်မှုများတွင် တိုင်းရင်းဆေးပညာဖြင့် ပါဝင်အားဖြည့်နိုင်ရန်အတွက် တိုင်းရင်းဆေးကဏ္ဍကို အလေးအနက်ထား ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ မြန်မာ့တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ဆေးဝါးကျွမ်းကျင်ဘာသာရပ်သည် ဆေးဝါးအရည်အသွေး၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် စသည့် အဓိကအချက်များကို ပံ့ပိုးပေးသော အချက်အချာနယ်ပယ်တစ်ခုဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အမြစ်များ၏ စွမ်းအားပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

**"ကျန်းမာရေးသည် အဓိက၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည် ဆိုသည့်အတိုင်း"** ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် မျှော်မှန်းသက်တမ်း မြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူလူထု၏ ကိုယ်ပိုင်ငွေကြေးကုန်ကျရမှု အနည်းဆုံးသက်သာစွာဖြင့် ရရှိစေရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အား ဖြည့်ဆည်းဆောင်ရွက်သည့်နေရာတွင် အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်ကပြည့်စုံသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် သူနာပြုကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ပေးရန် အသက်နှင့် ခန္ဓာကိုပေးဆပ်ရန် သန္နိဋ္ဌာန်ပြုထားသူများဖြစ်၍ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုဆိုသည့် အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံရေးသည် တပ်မတော်သားကောင်း တစ်ယောက်ဖြစ်ရန် အရေးကြီးဆုံးပင်ဖြစ်ကြောင်း၊ တပ်မတော်သားကောင်း တစ်ယောက်ဖြစ်ရန်အတွက် ထုတ်ပြန်ထားသည့် စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ အတိုင်း လိုက်နာကျင့်ကြံခြင်း၊ တပ်မတော်၏ အစဉ်အလာကောင်း ၁၂ ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းများသည် အခြေခံအကြောင်းတရားများပင် ဖြစ်ကြောင်း၊ ထိုကဲ့သို့ အခြေခံအကြောင်းတရားများကို လိုက်နာကျင့်ကြံရင်း တပ်မတော်သားဘဝ






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များ၊ ကျောင်းဆင်းသူနာပြုများနှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများသည် သက်ဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်အလိုက် လူနာ၏ ကျန်းမာရေးကုသစောင့်ရှောက်မှုတွင် ပံ့ပိုးကူညီသူများဖြစ်ပြီး ရောဂါရှာဖွေရေးနှင့် အကဲဖြတ်ရာတွင် ပါဝင်ဆောင်ရွက်ပေးကြရခြင်းဖြစ်ကြောင်း၊ ဆေးဝါးများ ထိန်းသိမ်းခြင်းနှင့် လူနာလက်ဝယ်သို့ မပျက်မစီး မှန်မှန်ကန်ကန်ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်း၊ လူနာများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ခန္ဓာပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းလာစေရန်တို့ကိုလည်း ဆောင်ရွက်ပေးရကြောင်း၊ ထို့ပြင် လူမှုစီးပွားဘဝ ပြန်လည်ဖွံ့ဖြိုးလာစေရန် ထောက်ကူဖေးမပြုစုကုသခြင်း စသည့် ... ပေးသွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

ခေတ်မီ ဆေးဝါးအတတ်ပညာများ မပေါ်ပေါက်မီ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူ့အဖွဲ့အစည်းများတွင် ကျန်းမာရေးအတွက် ရိုးရာဆေးပညာကုထုံးများနှင့် ဆေးဝါးများကိုသာ အားကိုးအားထားပြုသုံးစွဲခဲ့ကြရကြောင်း၊ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် ပြည်သူလူထု၏ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးများနှင့် ထိထိရောက်ရောက် စောင့်ရှောက်ကုသမှုပေးခဲ့ကြသည့် အစဉ်အလာများကို သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက်ရေးသားခဲ့သည့် တိုင်းရင်း...

ဆေးဝါး ဖော်စပ်ထုတ်လုပ်ရာတွင် စက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်တတ်ရန်၊ ပါဝင်သည့်ကုန်ကြမ်းနှင့် ဆေးဝါးများ ထိန်းသိမ်းတတ်ရန်၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန်၊ ဆေးဘက်ဝင်မှုအပေါ် သိပ္ပံနည်းကျသက်သေပြနိုင်ရန်၊ သုတေသနပြုမှုနှင့် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးနိုင်ရန်မှာ ဆေးဝါးကျွမ်းကျင်ပညာရှင်များ၏ လုပ်ငန်းတာဝန်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အဓိကကျသည့်အချက်သည် ကျန်းမာသန်စွမ်းသည့် လူသားအရင်း...

သော လူ့စွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက် လေ့ကျင့်မွေးထုတ်ပြီး နိုင်ငံတစ်ဝန်းတွင်ရှိသည့် ပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုဝင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏ အရင်းအမြစ်များအပေါ်မူတည်ပြီး ထိရောက်သည့် မူဝါဒများ၊ စီမံချက်များ တစ်လျှောက် ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းသွားမည်ဆိုပါက အခြေခံအရည်အချင်းများနှင့် ပြည့်စုံသည့် တပ်မတော်သားကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

ထို့ပြင် တပ်မတော်သား ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များဖြစ်သည်နှင့်အညီ သူနာပြုစိတ်ဓာတ် (The Spirit of Nursing)ကိုလည်း ခိုင်ခိုင်မာမာမွေးမြူသွားကြရမည်ဖြစ်ကြောင်း၊ ဆေးသိပ္ပံပညာရပ်သည် ခက်ခဲသည့်ပညာရပ်တစ်ခုဖြစ်သဖြင့် ယင်းပညာရပ်များကိုအခြေခံပြီး အဓိကအားဖြင့် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များအပြင် **စာမျက်နှာ ၂၁ သို့**

# စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး ဆေးကုသမှုခံယူနေသူများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

**စာမျက်နှာ ၂၀ မှအဆက်**

တစ်ဖက်တစ်လမ်းကလည်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရာနှုန်းပြည့်လွှမ်းခြုံနိုင်အောင်ကြိုးစားကြရန် လိုအပ်ကြောင်း၊ လက်တွေ့နယ်ပယ်တွင် ကြုံတွေ့လာရမည့် အတွေ့အကြုံအသစ်များနှင့် မိမိတို့တတ်ကျွမ်းထားသည့် ဆေးပညာရပ်များပေါင်းစပ်ပြီး ပိုမိုမြင့်မားသည့် ဆေးပညာရပ်များ၊ ကုသမှုနှင့် ပြုစုမှုစနစ်ကောင်းများပိုင်ဆိုင်နိုင်အောင် ဆက်လက်ပြီး လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆောင်ရွက်မှုများကို မလွဲမသွေ ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ရင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာသာမက တပ်မတော်က တရားသဖြင့် ပေးအပ်လာမည့် သီးခြားတာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း။

ယနေ့ ကမ္ဘာ၏ကဏ္ဍစုံတွင် AI အပါအဝင် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှု အရှိန်အဟုန် မြင့်မားလာသည်ကို တွေ့မြင်ကြမည်ဖြစ်ကြောင်း၊ ထိုသို့ ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာများကို အခွင့်ကောင်းယူပြီး သတင်းအချက်အလက်စစ်ဆင်ရေးကို နိုင်ငံရေး၊ စစ်ရေးအပြင် အခြားကဏ္ဍများတွင် စစ်ဆင်လာသည်ကို တွေ့မြင်နေရကြောင်း၊ ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားများ၏ သတင်းအချက်အလက်စစ်ဆင်ရေးသည် လူတန်းစားအလွှာအသီးသီးတွင် တွင်တွင်ကျယ်ကျယ်အသုံးပြုနေသည့် Social Network များကတစ်ဆင့် ဦးတည်ဝင်ရောက်နေခြင်းပင်ဖြစ်ကြောင်း။

သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဆိုးကျိုးအဖြစ် ယှဉ်တွဲဝင်ရောက်လာခဲ့သည့် သတင်းတု၊ သတင်းမှားများ၏ အန္တရာယ်ကိုလည်း ကိုယ်တိုင်သိမြင်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ အချို့သောဒေသများတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များသည် အသိပညာနည်းပါးသည့် လူငယ်လူရွယ်များကို အသုံးပြုပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူအများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးများကို နှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ၏ ကြိုးကိုင်မှုများမှတစ်ဆင့် အသိပညာနည်းပါးသည့် လူငယ်လူရွယ်များ အသုံးချခံနေရခြင်းသည် အနာဂတ်တိုင်းပြည်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနစ်နာမှုများပင်ဖြစ်ကြောင်း။

ထို့ကြောင့် သတင်းနှင့်နည်းပညာပိုင်းဆိုင်ရာအတတ်ပညာများကို တစ်ဖက်တစ်လမ်းက နားလည်အောင် လေ့လာဆည်းပူးပြီး နိုင်ငံတော်ပြိုကွဲအောင်၊ တပ်မတော်ပြိုကွဲအောင်နှင့် မိမိအဖွဲ့အစည်း၊ မိမိ မိသားစုအတွင်း အထင်အမြင်၊ အယူအဆ လွဲမှားစေသည့် သတင်းတု၊ သတင်းမှားများကို မိမိတို့၏ အသိပညာ၊ ဉာဏ်ပညာများနှင့် စဉ်းစားသုံးသပ်ပြီး မှန်ကန်သည့် အကြောင်းအရာများကိုသာ ဆုံးဖြတ်လုပ်ကိုင်သွားကြရန်နှင့် ယင်းပညာရပ်များမှတစ်ဆင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပိုမိုတိုးတက်မြင့်မားကျွမ်းကျင်သည့် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ ဖြစ်အောင် ကြိုးပမ်းကြရန် မှာကြားလိုကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ် နောက်ဆုံးအချက်တွင် **“ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ရည်မှန်းထားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးသည် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း။

ထိုသို့ အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ရန်အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရှိအောင် စီစဉ်ဆောင်ရွက်ပေးထားသကဲ့သို့ ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်ရန်နှင့် မဲမသမာမှု လုံးဝမဖြစ်စေရေး Myanmar Electronic Voting Machine-MEVM အသုံးပြုမဲပေးနိုင်စေရေး စီမံဆောင်ရွက်ထားပြီး ဖြစ်သည့်အပြင် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကိုလည်း ဖိတ်ခေါ်ထားပြီးဖြစ်ကြောင်း၊ မိမိနိုင်ငံ၏တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီကျင့်သုံးမှု ပိုမိုတိုးတက်ဖွံ့ဖြိုးရေးကိုလိုလားသည့် မိတ်ဖက်နိုင်ငံများသည် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ထောက်ခံအားပေးခဲ့ကြသကဲ့သို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကိုလည်း စေလွှတ်ပေးသွားမည်ဟု သိရှိရကြောင်း။

ထို့ပြင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့်ကျင့်ဝတ်များကို ထုတ်ပြန်ပေးခဲ့ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လမ်းညွှန်ကိုလည်း ထုတ်ပြန်ပေးထားပြီးဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ပေးထားခြင်းသည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်၍ တရားမျှတမှုရှိကြောင်းကို နိုင်ငံတကာနှင့် ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့များက လေ့လာစောင့်ကြည့်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားခြင်းပင် ဖြစ်ကြောင်း။

ရွေးကောက်ပွဲသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားသည့် ဒီမိုကရေစီခရီး၏ အရေးကြီးသော ပထမလုပ်ငန်းစဉ်ဖြစ်၍ ရွေးကောက်ပွဲ မအောင်မြင်စေရန်၊ မဖြစ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်မှု မှန်သမျှသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒကို ဖျက်ဆီးခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲကို နှောင့်ယှက်လာမည့် အဖျက်အမှောင့်မှန်သမျှကိုလည်း ပြည်သူလူထုအားလုံးနှင့် ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်လိုအပ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်များကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ္တတာဝန်ယူထမ်းဆောင်ခဲ့ရခြင်းဖြစ်၍ ရွေးကောက်ပွဲ ကျင်းပပြီးစီးပါက ပေါ်ထွန်းလာမည့် ရွေးကောက်ခံအစိုးရထံ နိုင်ငံတော်တာဝန်များကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွှဲအပ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းစဉ်များ၌ ကျရာကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော တပ်မတော်သားသူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များဖြစ်အောင် အစဉ်တစိုက်ကြိုးပမ်းထမ်းရွက်သွားကြရန်၊ စစ်သည်တော်ကျင့်ဝတ်နှင့် ဆေးပညာကတိသစ္စာများကို တစ်သဝေမတိမ်းလိုက်နာပြီး တပ်မတော်သား သူနာပြုတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် စဉ်ဆက်မပြတ်ကြိုးစားသွားကြရန်၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် ဆေးသိပ္ပံပညာရပ်များကို လေ့လာဆည်းပူးပြီး ပိုမိုကျွမ်းကျင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သူနာပြုတပ်ဖွဲ့ဝင်ကောင်းဘဝများကို လေးစားတန်ဖိုးထားပြီး ကောင်းမွန်သည့် ကြိုးစားအားထုတ်မှုများနှင့် တာဝန်ကျရာ နေရာဒေသအသီးသီးတွင် မိမိ၏ဂုဏ်၊ တပ်ဖွဲ့၏ဂုဏ်၊ တပ်မတော်၏ဂုဏ်နှင့် နိုင်ငံတော်၏ဂုဏ်တို့ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပ္ပံချို မဟာသရေစည်သူစိုးဝင်းသည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိပ္ပံချို မဟာသရေစည်သူစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်း ဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းသူနာပြုများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

---

**၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ အထူးကုသမှုစင်တာတို့၌ ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး၍ မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)ကို သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူနေသူတစ်ဦးချင်း၏ ဒဏ်ရာရရှိမှု၊ ရောဂါဖြစ်ပွားမှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)ရှိ စစ်မှုထမ်းဟောင်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိအထူးကုသမှုစင်တာတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကိုလိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ဒဏ်ရာရရှိမှု၊ ရောဂါဖြစ်ပွားမှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် ဆေးရုံများနှင့် ဆေးရုံဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ဆေးရုံတပ်မှူးများက လက်ခံရယူကြသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ (ခုတင်-၃၀၀)သို့သွားရောက်၍ ကိုယ်ဝန်ဆောင်အမျိုးသမီးများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် ဆေးရုံရှိ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေများလှူဒါန်းရာ ဆေးရုံတပ်မှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်လျက်ရှိမှု၊အိမ်ရာဆောက်လုပ်ပြီးစီးမှုအပေါ်မူတည်၍ စစ်မှုထမ်းဟောင်းများကို ဦးစားပေးရွေးချယ်မှုဖြင့် နေရာချထားပေးမှုနှင့် ဆက်လက်နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများ၊ အိမ်ရာဝင်းအတွင်း သွားလာရေးအဆင်ပြေစေရန်အတွက် ကျောက်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအတွက် ဆောင်ရွက်နေမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး ကျောက်စီရေမြောင်းတည်ဆောက်နေမှု၊ အိမ်ရာအနီးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဈေး၊ ပန်းခြံ၊ အားကစားကွင်းများနှင့် ကလေးကစားကွင်းများတည်ဆောက်ရန် မြေနေရာလျာထားမှု၊ ရေနှင့်လျှပ်စစ်မီးပိုင်းဆိုင်ရာလိုအပ်ချက်များနှင့် လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အိမ်ရာဝင်းအတွင်းရှိ လမ်းများတွင် မိုးတွင်းကာလ ရေများတင်ကျန်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ အိမ်ရာအတွင်းနေထိုင်ကြသူများ၏ ပညာရေး၊ ကျန်းမာရေးအပါအဝင် နေထိုင်စားသောက်မှု၊ သွားလာရေးနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေး စီမံဆောင်ရွက်သွားရန်၊ မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)တွင် နေထိုင်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်းရှိ ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံများနှင့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များနေထိုင်လျက်ရှိသည့် တိုက်ခန်းများကိုလည်းကောင်း၊ အဆိုပါအိမ်ရာအတွင်း ဥစားကြက်များကို အလုံပိတ် အအေးပေးစနစ် (Evaporated Fully Automatic System)ဖြင့် ဥစားကြက်အကောင် ၃၅၀ စတင်မွေးမြူထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်းရှိ ဖွင့်လှစ်ထားသည့် မူကြိုကျောင်း၌ ကလေးငယ်များကို အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ အိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အိမ်ရာတွင်နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက စီမံကိန်း အကောင်အထည်ပေါ်ပေါက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းတွင်ပါဝင်သည့် အချက်အလက်များ၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့ (QC) ဖွဲ့စည်းထားရှိမှု၊ မီးနှင့်ရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးရေး ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အရည်အသွေးစစ်ဆေးရေးအဖွဲ့အနေဖြင့် အဆောက်အအုံများစစ်ဆေးရာတွင် သဘာဝဘေးဒဏ်နှင့်ပတ်သက်၍ ခံနိုင်ရည်ရှိရန်အတွက် မျက်မြင်စစ်ဆေးခြင်းမဟုတ်ဘဲ ခံနိုင်ရည်စစ်ဆေးသည့် ခေတ်မီနည်းပညာကိရိယာများဖြင့် တိုင်းတာစစ်ဆေးသွားရန် လိုအပ်မှုအခြေအနေများ၊ Shopping Complex ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ကြီးမြန်သစ်ပင်များ၊ အရိပ်ရလေကာပင်များကို ယခုကတည်းကပင် စနစ်တကျစိုက်ပျိုးသွားနိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားရန်၊ စားသောက်ဆိုင်များ စွန့်ပစ်သည့် ရေဆိုးများနှင့် စားကြွင်းစားကျန်များကို စနစ်တကျစွန့်ပစ်ရေး စီမံဆောင်ရွက်သွားရန်နှင့်အခြားလိုအပ်သည်များကို မှာကြားပြီး Shopping Complex ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သားဖွားမိခင် တစ်ဦးကို အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး တက်ရောက်



စစ်တွေ ဒီဇင်ဘာ ၁၅

၂၀၂၅ ခုနှစ် ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှုထန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်း ခံရသူများ တက်ရောက်ကြသည်။

ဦးစွာ ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို မင်္ဂလာစည်တော်နှင့် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့တို့က "သျှိုင်ဒိုင်" တေးသီချင်းဖြင့် တီးခတ်သီဆို ကပြဖျော်ဖြေ၍ ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကို ပြသသည်။

ထို့နောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်း လက်မှတ်နှင့် ဆုတံဆိပ်ရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံတော်အဆင့် စိမ်ထူးချွန်တံဆိပ် (ပထမဆင့်) ရရှိသူများ၊ ပြည်နယ်ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆုရရှိသူများ၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ် (၁၂)တွင် သင်တန်းသားထူးချွန်ဆု(ပထမဆင့်) ရရှိသူများ၊ ပြည်နယ်စိမ်ထူးချွန်ဆု (ပထမဆင့်) ရရှိသူများ၊ ပြည်နယ် လယ်ယာစီးပွားထူးချွန်ဆု (ပထမဆင့်) ရရှိသူများ၊ ပြည်နယ်စက်မှုစီးပွားထူးချွန်ဆု (ပထမဆင့်) ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု (ပထမဆင့်) ရရှိသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က "လှပေါင်းစုံညီရခိုင်မြေ" တေးသီချင်းဖြင့် ကပြဖျော်ဖြေသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်စိမ်ထူးချွန်ဆု (ဒုတိယဆင့်)ရရှိသူများ၊ ပြည်နယ်လယ်ယာစီးပွားထူးချွန်ဆု(ဒုတိယဆင့်) ရရှိသူများ၊ ပြည်နယ် စက်မှုစီးပွားထူးချွန်ဆု (ဒုတိယဆင့်)ရရှိသူများ၊ ပြည်နယ်လူမှုထူးချွန်ဆု(ဒုတိယဆင့်)ရရှိသူများ၊ ပြည်နယ်စိမ်ထူးချွန်ဆု(တတိယဆင့်) ရရှိသူများ၊ ပြည်နယ် လယ်ယာစီးပွားထူးချွန်ဆု (တတိယဆင့်) ရရှိသူများ၊ ပြည်နယ် စက်မှုစီးပွားထူးချွန်ဆု(တတိယဆင့်) ရရှိသူများ၊ ပြည်နယ် လူမှုထူးချွန်ဆု (တတိယဆင့်) ရရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်အပ်နှင်းခံရသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့က "ရိုးမရံ့စိ"တေးသီချင်းဖြင့်



ကပြ ဖျော်ဖြေကြသည်။

ဆက်လက်၍ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဂုဏ်ထူးဆောင်ဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသူများနှင့် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကို ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဒေသခံမြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များကို ပြည်နယ်အစိုးရအဖွဲ့ ဧည့်ဂေဟာ၌ တွေ့ဆုံပြီး ဒေသတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့် အဖွဲ့သည် ကမ္ဘာ့ဗုဒ္ဓသာသနာပြု မဟာဓေယျသိဒ္ဓိ အဓိဋ္ဌာန်ကျောင်း ဆရာတော်ကြီးနှင့် ရွှေစေတီကျောင်းတိုက် ဆရာတော်တို့ကို သွားရောက်ဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် အမှုဆောင်ချုပ်သည် တာဝန်ရှိသူများနှင့်အတူ ခိုင်သဇင်ခန်းမ၌ ကျင်းပသော ၅၁ နှစ်မြောက် ရခိုင်ပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်၍ ညစာကို အတူတကွသုံးဆောင်ကြပြီး ရခိုင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် နိုင်ငံကျော်အနုပညာရှင်များ၏ အကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၇၈ နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပပြုလုပ်



၇၈ နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၅

၇၈ နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ လေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ လေတပ်စခန်းမှူးများ၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများကို အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က စစ်ရေးပြတပ်ခွဲများအားစစ်ဆေးပြီး ၇၈ နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားခဲ့သည်။ ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)က စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာခဲ့သည်။

အလားတူ ၇၈ နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရှုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ၎င်းလေတပ်စခန်း၌ပင် ကျင်းပပြုလုပ်ရာ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဓမ္မကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များက ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တက်ရောက်လာသော တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီးနောက် သံဃာတော် အရှင်သူမြတ်များ ရွတ်ဖွားချီးမြှင့်တော်မူကြသည့် တရားတော်များကို နာယူကြသည်။

ဆက်လက်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းများ ဆောင်ရွက်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များအား အရှုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ၁)

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန် လျက် ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်ဆိုင်ရာသင်တန်းများ အပြန်အလှန်ဖွင့်လှစ်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီးငါးရပ်ကို စတင်ချမှတ်သည့် သုံးနိုင်ငံတွင် အပါအဝင်ဖြစ်ပြီး လက်ရှိအချိန်ထိ ၎င်းမူများအတိုင်း ခိုင်မာစွာလိုက်နာဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြီးစီးပါက ပိုမိုကောင်းမွန်သော နယ်ပယ်များ ပေါ်ထွန်းလာမည့် အခြေအနေများနှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင်များကို စားသောက်ဖွယ်ရာများပေးအပ်၊ အိမ်ရာအဆောက်အအုံအသစ်များ တိုးချဲ့ဆောက်လုပ်နေမှုကို ကြည့်ရှု



**နေပြည်တော် ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (မန္တလေး)ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ အဆောက်အအုံအသစ်များ တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစဉ်။

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်က အဆိုပါအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အိမ်ရာအတွင်း ဘဏ္ဍာနှစ်အလိုက် ဆောက်လုပ်ခွင့်ပြုထားသော လေးခန်းတွဲ ခြောက်ထပ် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ အဆောက်အအုံအသစ်များ တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို လိုက်လံကြည့်ရှုကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အိမ်ရာ အဆောက်အအုံလုပ်ငန်းခွင်ရှိ တာဝန်ရှိသူများကို တွေ့ဆုံမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်သူများကို နှိပ်စက်ညှဉ်းပန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သော ကျောက်မဲမြို့ဒေသတစ်ဝိုက်ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်၍ အဆိုပါမြို့နှင့်ဒေသတစ်ဝိုက်ကို ဒေသခံပြည်သူများ၏ လက်ဝယ်သို့ ပြန်လည်အပ်နှင်းနိုင်ခဲ့သည့် အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုရာတွင် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေခက်များ၊

စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြစဉ်။

ဂုဏ်ပြုပန်းကုံးများနှင့် ဂုဏ်ပြုပန်းများဖြင့် ကြိုဆိုဂုဏ်ပြုကြပြီး ရှမ်းအိုးစည်၊ အတီး၊ အမှုတ်၊ အက၊ အလှများဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)











ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်စဉ်။

**❍ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ**

ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

"ကျွန်တော်လဲ နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော်ရဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမယ်ဆိုတဲ့ ခံယူချက်နဲ့ ဒီသင်တန်းကို လာရောက်တက်ရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီပညာရပ်တွေကို အကောင်းဆုံးကြိုးစားသင်ယူမယ်လို့ ခံယူထားပါတယ်။ ဒီသင်တန်းမှာ သင်ပေးလိုက်တဲ့ သင်ခန်းစာတွေကို ကောင်းကောင်းအသုံးချပြီး နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်သွားမယ်လို့ ခံယူထားပါတယ်ခင်ဗျ"ဟု ပြောသည်။





"ကျွန်တော်တို့က နိုင်ငံသားဖြစ်တဲ့အတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေနှင့်အညီ ဆောင်ရွက်ရမယ့် တာဝန်ဆိုတာရှိတယ်။ အဲ့ဒီတော့ ဒီဥပဒေကလဲ ၂၀၂၄ ခုနှစ်မှာ ပြဋ္ဌာန်းထားတယ်။ ဒါကြောင့် ကျွန်တော် လာရောက်တာဝန်ထမ်းဆောင်တာဖြစ်ပါတယ်။ ပထမဆုံးပြောရရင် အင်မတန်မှ ဝမ်းသာမိပါတယ်။ ဘာလို့လဲဆိုတော့ ဒီသင်တန်းတွေဟာ အပြင်မှာ မဖွင့်ပါဘူး။ ကျွန်တော်တို့ပိုက်ဆံရှိလည်း တက်လို့မရပါဘူး။ စိတ်ခါတ်ကြံ့ခိုင်ပြီးတော့ စိတ်လဲ တကယ်ပါမှ တက်ရောက်လို့ရမှာပါ။ ဒီသုံးလတက်ရောက်လိုက်တာနဲ့ ကျွန်တော်တို့အစစအရာရာ အဘက်ဘက်ကနေ အကျိုးပြုပြီး ကူညီသွားမှာဖြစ်ပါတယ်။ ကျွန်တော်အင်မတန် ဝမ်းသာမိပါတယ်။ ကျွန်တော်တို့တွေ စည်းကမ်းတွေကို လိုက်နာရင်း ယောကျ်ားကောင်းပီသသွားတာပေါ့။ ကျွန်တော်ကိုယ်တိုင်ကလဲ ဆန္ဒနဲ့တစ်ပြေးညီ လာရောက်တက်ရောက်တာဖြစ်တဲ့အတွက် တာဝန်ထမ်းဆောင်ခြင်းမရှိသေးတဲ့ ညီအစ်ကိုတွေ၊ သူငယ်ချင်းတွေကိုလဲ လာတက်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ အဆင်ပြေသွားမှာပါလို့။ ကျွန်တော်တို့က ယောကျ်ားတွေပါပဲ။ သင်တန်းဆင်းပြီးသွားရင်လဲ ဘယ်တပ်ရင်းကို တာဝန်ကျမလဲတော့ မသိဘူးပေါ့ဗျာ။ ကျွန်တော်ရထားတဲ့ အင်ဂျင်နီယာဘွဲ့နဲ့ အဲ့ဒီတပ်မှာ အကျိုးပြုပြီးတော့ တာဝန်ထမ်းဆောင်သွားမှာဖြစ်ပါတယ်ခင်ဗျာ"ဟု ပြောသည်။ **(ဗဝဝ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ အကြိမ် ၃၀ မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ အကြိမ် ၃၀ မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်စိုးလင်းနှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ပညာရေးအဖွဲ့အစည်းအဝေးကျင်းပပြီး ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများကို ကတိသစ္စာခံယူစေခြင်း၊ ဘာသာရပ်ဆိုင်ရာဌာနများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ၊ ခန္ဓာသန်စွမ်းမှုနည်းပညာ)ရရှိသူတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးကဘွဲ့ရသူများကို ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။




တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ အကြိမ် ၃၀ မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပစဉ်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကိုရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှ စတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး သူနာပြုပါရဂူဘွဲ့၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာ၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)၊ ဆေးဘက်ဆိုင်ရာ အသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်း နည်းပညာဒီပလိုမာ၊ အထူးကြပ်မတ်သူနာပြုစုမှုဒီပလိုမာ၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာ၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိသူတို့ကို ဘွဲ့များ အပ်နှင်းပေးအပ်ခဲ့သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာအရာရှိများ နိုင်ငံတကာအဆင့်မီ အတတ်ပညာများရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ခဲ့ရာ သူနာပြုပါရဂူဘွဲ့နှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် ၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်တို့တွင် ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် ထိုင်းနိုင်ငံ Burapha University သို့ လည်းကောင်း စေလွှတ်ပညာသင်ကြားစေခဲ့သည်။

အလားတူ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းဆင်းအထက်တန်းသူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှုသင်တန်းသို့လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါ အထူးကြပ်မတ်ကုသမှုသင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့သင်တန်းများသို့ လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြုမဟာသိပ္ပံဘွဲ့သင်တန်းသို့လည်းကောင်း ပညာတော်သင်စေလွှတ်ကာ တက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၁၅ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများမရှိစေရေး ဆက်လက်ရှာဖွေစစ်ဆေး








KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃)နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၃ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၅ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၄၄ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြဝတီမြို့ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Parkနယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် အီသီယိုးပီးယားနိုင်ငံသား ၄၅ ဦး၊ ယူဂန်ဒါနိုင်ငံသား ၃၉ ဦး၊ သီရိလင်္ကာနိုင်ငံသား ၂၅ ဦး၊ ဘူရွန်ဒီနိုင်ငံသား ခြောက်ဦး၊ ရဝမ်ဒါနိုင်ငံသား သုံးဦး၊ ဆီယာရာလီယွန်နိုင်ငံသား သုံးဦး၊ကင်မရွန်းနိုင်ငံသား နှစ်ဦး၊ မွန်ဂိုလီးယားနိုင်ငံသား တစ်ဦး၊ မော်ရိုကိုနိုင်ငံသား တစ်ဦး၊ကင်ညာနိုင်ငံသားတစ်ဦး၊ အီဂျစ်နိုင်ငံသား တစ်ဦး စုစုပေါင်း ၁၂၇ ဦး တို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့်တရားမဝင်ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ငါးထပ် အဆောက်အအုံ လေးလုံး ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ တွေ့ရှိခြင်းမရှိကြောင်း သိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ-တရုတ်-ထိုင်း ကိုယ်စားလှယ်သုံးဖွဲ့ မြဝတီမြို့ KK Parkနှင့် ရွှေကုက္ကိုလ်ဒေသများသို့ လှည့်လည်သွားရောက်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးဆွေးနွေးညှိနှိုင်း



မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံကိုယ်စားလှယ်အဖွဲ့ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုကိုလည်း စဉ်ဆက်မပြတ်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။


ထိုသို့ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်မျိုးမင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများသည် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်မှုကို လေ့လာရန်ရောက်ရှိလာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Mr. Liu Zhong Yi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ Office of Assistant Commissioner General မှ Pol.Lt. Gen. Jirabhop Bhuridej နှင့် တာဝန်ရှိသူတို့ကို မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် ကြိုဆိုခဲ့ကြသည်။

ထို့နောက် မြန်မာ-တရုတ်-ထိုင်း ကိုယ်စားလှယ်သုံးဖွဲ့တို့သည် ယနေ့နံနက် ၈ နာရီတွင် မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားမှ KK Park နယ်မြေသို့ ထွက်ခွာခဲ့ပြီး KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံများ ဖြိုချဖျက်ဆီးထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြကာ မြဝတီမြို့မှ ရွှေကုက္ကိုလ်နယ်မြေသို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး တရားမဝင်နိုင်ငံခြားသားများထားရှိရာ အဆောက်အအုံများကိုလည်းကောင်း၊ စနစ်တကျဖြင့် မိုင်းခွဲဖျက်ဆီးထားသော အွန်လိုင်းလိမ်လည်မှုလုပ်ငန်း လုပ်ကိုင်ခဲ့သည့် အဆောက်အအုံများကို လည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြပြီး မြဝတီမြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ မြဝတီမြို့ရှိ နယ်ခြားစောင့်တပ်(BGF)လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကွပ်ကဲရေးရုံးသို့ရောက်ရှိပြီး ယင်းနေရာတွင် ထိန်းသိမ်းထားရှိသည့် တရုတ်နိုင်ငံသားများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်ပြီး သုံးနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား အစည်းအဝေးခန်းမ၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးဆိုင်ရာ Myanmar-China-Thailand Tri-lateral meeting for Combating Telecom Fraud and Online Gambling ညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) များကင်းစင်ပပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ကိုယ်စားလှယ်အဖွဲ့ သုံးဖွဲ့သည် ညနေပိုင်းတွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြောက်ဥက္ကလာပမြို့နယ်တွင် မလေးရှားနှင့် ထိုင်းရေပိုင်နက်သို့ ပင်လယ်ရေကြောင်းဖြင့် သယ်ဆောင်မည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေကျပ် ၁၃၃ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၅၈ တန်၊ ကက်တမင်း ၁ ဒသမ ၈ တန်ကျော်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ






တရားခံ ရွှေမောင်ဆန်း၊ အောင်ကျော်မျိုး(ခ)ငပိန်၊ မောင်မောင်သန်း(ခ)ဝင်းသန်း၊ မင်းဇော်လှိုင်(ခ)မင်းဇော်၊ ပြည့်စုံအောင်၊ မြတ်မင်းကို၊ နေမင်းကျော်ထွေး၊ ဇော်နိုင်ဦးတို့ကို ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



လားရှိုးမြို့၌ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် နိုင်ဝင်းထွေး(ခ)အငယ်လေး၊ မျိုးဝင်း(ခ)မျိုးကြီး၊ တင်ကိုကိုလင်းနှင့် ကိုကိုကျော်ရဲနောင်တို့ကို ဖမ်းဆီးရမိ မော်တော်ယာဉ်နှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် နံနက် ၆ နာရီတွင် သတင်းအရ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၉)ရပ်ကွက် ကနောင်(၁)လမ်းတွင် ရွှေမောင်ဆန်း၊ မင်းဇော်လှိုင်(ခ)မင်းဇော်၊ အောင်ကျော်မျိုး (ခ)ငပိန်၊ မောင်မောင်သန်း(ခ)ဝင်းသန်း တို့ လေးဦးကို ကက်တမင်း ၁ ဒသမ ၈ တန်ကျော်၊ HINO Box မော်တော်ယာဉ် တစ်စီး၊ MARK-X မော်တော်ယာဉ် တစ်စီး၊ LIGHT TRUCK မော်တော်ယာဉ် တစ်စီး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့ကို စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့ဆက်လက်သယ်ဆောင်မည့် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် (၁၉)ရပ်ကွက်ရှိ ဂိုဒေါင်အား ဆက်လက်ရှာဖွေရာ ဂိုဒေါင်အတွင်းမှ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၅၈ တန်နှင့် ကက်တမင်း ကီလို ၆၀ တို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် အိုက်စ်(မက်သ်အဖက်တမင်း)၁ ဒသမ ၅၈ တန်(၎င်းဒေသတန်ဖိုးငွေကျပ် ၃၉ ဒသမ ၅ ဘီလီယံ)နှင့် ကက်တမင်း ၁ ဒသမ ၈၈၅ တန်(၎င်းဒေသတန်ဖိုးငွေကျပ် ၉၄ ဒသမ ၂၅ ဘီလီယံ) စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၃ ဒသမ ၇၅ ဘီလီယံကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ HINO Box ယာဉ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမှ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်သို့ စိတ်ပြောင်းဆေးဝါးများသယ်ဆောင်ခဲ့ပြီး တစ်ဆင့်လွှဲပြောင်းပေးခဲ့သည့် မြတ်မင်းကိုနှင့် ပြည့်စုံအောင်တို့ကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံမြို့နယ် နှယ်ခွေရပ်ကွက်ရှိ တည်းခိုခန်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မှ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရှိ ဂိုဒေါင်အတွင်းသို့ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ခဲ့သည့် ဇော်နိုင်ဦးနှင့် နေမင်းကျော်ထွေးတို့ကို နိုဝင်ဘာ ၂၈ ရက် ညနေ ၅ နာရီတွင် ၎င်းတို့စိတ်ပြောင်းဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် MITSUBISHI FUSO ဆီဘောက်ဆာယာဉ်တစ်စီးနှင့်အတူ ကျောက်ဆည်မြို့နယ် သံရွာအနီးတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထပ်မံစစ်ဆေး ပေါ်ပေါက်ချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ရန်ကုန်မြို့သို့ စိတ်ပြောင်းဆေးဝါးများ တာဝန်ခံသယ်ဆောင်သူ ကိုကိုကျော်ရဲနောင်အား နိုဝင်ဘာ ၂၈ ရက် ည ၆ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၁၂)ရှိ ၎င်း၏နေအိမ်တွင် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် TOYOTA LAND CRUISER ယာဉ် တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် နိုင်ဝင်းထွေး(ခ)အငယ်လေး၊ မျိုးဝင်း(ခ)မျိုးကြီးနှင့်တင်ကိုကိုလင်းတို့ကို နိုဝင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲတွင် လားရှိုးမြို့ ရပ်ကွက်(၁)၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်စစ်ဆေးချက်များအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နေ အားချန်(ဖမ်းဆီးရန်ကျန်)၊ ကိုစိုင်း(ခ)စိုင်းလေး (ဖမ်းဆီးရန်ကျန်)နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဖောင်းချောင်းကျေးရွာနေ ရဲစိုးဦး (ဖမ်းဆီးရန်ကျန်)တို့၏ အစီအမံဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စိတ်ပြောင်းဆေးဝါးများကို ရန်ကုန်မြို့သို့သယ်ဆောင်ပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် မလေးရှားနှင့် ထိုင်းရေပိုင်နက်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိသည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)



စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ဖမ်းဆီးရမိ ဆီဘောက်ဆာယာဉ်ကို တွေ့ရစဉ်။

## ဒီဇင်ဘာ ၇ ရက်မှ ၁၄ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက် ည ၈ နာရီမှ ဒီဇင်ဘာ ၁၄ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့် အထက်)၊ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ(ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ရွေးကောက်ပွဲမကျင်းပနိုင်ရေး နှောင့်ယှက်ဖျက်ဆီးရုံမက အကြမ်းဖက်ဝါဒ စွဲကိုင်ပြီး ဒလန်ခေါင်းစဉ်တပ် ဖျက်ဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၁၇-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့်အပတ် ၂၄-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“ပြည်သူတွေကို မက်လုံးများစွာနဲ့ မြှူဆွယ်လာသော ဘဝပျက်စေမည့် လူလိမ်ဂိုဏ်းအား စုပေါင်းကာကွယ်ဖို့လိုအပ်လာ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့်ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၀ နှစ်မြောက် နှစ်ပတ်လည်နေ့
အထိမ်းအမှတ်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်
MCRD
"လူမှုစီးပွားဘဝမြင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"

MINISTRY OF HEALTH
(၂၅)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့်
မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၅၊ ၁၆၊ ၁၇) နေပြည်တော်

# တောင်ကြီးမြို့၌ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၁၅

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသိပညာပေး မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက် ဗိုလ်ချုပ်လမ်း တောင်ကြီးဂေါက်ကွင်းအနီး၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဖိတ်ကြားထားသူများ၊



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးတို့ မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက "တို့အတူတူ မဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စူဠာမုနိဘုရား မုခ်ဦးရှေ့နှင့် တောင်ကြီးမြို့မဈေးတို့၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူများအားလုံးပါဝင်၍ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေး တို့အတူတူ မဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခြင်း၊ မော်တော်ယာဉ်များကို စတေကာများ ကပ်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများအား နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၁ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်နေ ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအေးချို အသုံးပြုသည့် Facebook အကောင့်သို့ အခြားအကောင့်များဖြင့် Voice Call ခေါ်၍ "ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ပါက သတ်ပစ်မည်"ဟု ခြိမ်းခြောက်ခြင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ဦးအေးချို အသုံးပြုသည့် Facebook အကောင့်သို့ "ကောင်းကင်ပြာ" Face-book အကောင့်မှ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ ဖုန်းအမှတ် 09-782682157 ဖြင့် ဦးအေးချိုအား ဆက်သွယ်ကာ 09-255597009 Mg Kyaw Thet KBZ Pay သို့ ငွေကျပ် ငါးသိန်းလွှဲပေးရန်နှင့် ၎င်းငွေကို မပေးပါက ဦးအေးချိုအား မဲဆွယ်စည်းရုံးခြင်းမပြုနိုင်စေရန် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရေးသားလွှင့်တင်သွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခြင်း၊ ဒီဇင်ဘာ ၂ ရက်တွင် ဦးအေးချိုထံသို့ ဖုန်းအမှတ် 09-978742827 ဖြင့် ထပ်မံဆက်သွယ်လာပြီး ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် "ကောင်းကင်ပြာ" Face-book အကောင့်၊ ဖုန်းအမှတ် 09-782682157၊ 09-255597009 Mg Kyaw Thet KBZ Pay အကောင့်နှင့် ဖုန်းအမှတ် 09-978742827 ပိုင်ရှင်(စိစစ်ဆဲ)တို့ကို ဒီဇင်ဘာ ၉ ရက်တွင် တာမွေမြို့မရဲစခန်းက(ပ)၃၇၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၂၅ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ ၎င်းတို့အခေါ် ကရင်နီပြည်လူငယ်များသမဂ္ဂ (UKSY)မှ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများကို ကိုင်ဆောင်ကာ ရွေးကောက်ပွဲအား ဆန့်ကျင်ဆန္ဒပြခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကရင်နီပြည်လူငယ်များသမဂ္ဂ(UKSY)မှ တာဝန်ရှိသူများကို ဒီဇင်ဘာ ၁၀ ရက်တွင် လွိုင်ကော်မြို့မရဲစခန်းက (ပ)၂၅၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီတွင် ကချင်ပြည်နယ် ရွှေကူမြို့ တုံးပုံကျေးရွာနေ အခြေခံပညာမူလတန်းကျောင်း(တုံးပုံ)မှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ဇင်ဇင်မြင့် ၃၇ နှစ်သည် တုံးပုံကျေးရွာနှင့် နုတ်ချိုကျေးရွာကြားရှိ ယာခင်းတဲ၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦး(စိစစ်ဆဲ) ရောက်ရှိလာပြီး ၎င်းနှင့်အတူ အခြေခံပညာမူလတန်းကျောင်း(တုံးပုံ)မှ ဆရာ၊ ဆရာမများအားလုံး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦး(စိစစ်ဆဲ)ကို ဒီဇင်ဘာ၈ ရက်တွင် ရွှေကူ မြို့မရဲစခန်းက (ပ)၁၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် လွယ်မွေလမ်းနှင့် မီးစက်လမ်းထောင့်၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသူ (စိစစ်ဆဲ)ကို ဒီဇင်ဘာ ၈ ရက်တွင် ကျိုင်းတုံမြို့မရဲစခန်းက (ပ)၂၀၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၉ ရက်တွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာနေ ပင်လုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချစ်ထွေးသည် နေအိမ်၌ရှိနေစဉ် ၎င်း၏ လက်ကိုင်ဖုန်းသို့ KIO လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့မှ အရာရှိအဆင့်ရှိ ဇော်မိုင်ဆိုသူက ဖုန်းအမှတ် 09-678735668 ဖြင့် ခေါ်ဆို၍ ပင်လုံကျေးရွာအုပ်စု မြင်သာယာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မဲရုံဖွင့်လှစ်ထားခြင်းကို မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်ပါက ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နေထိုင်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် KIO လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့မှဇော်မိုင်အား ဒီဇင်ဘာ ၁၂ ရက်တွင် မိုးညှင်းမြို့မရဲစခန်းက(ပ)၁၇၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၁၀ ရက် ညနေ ၅ နာရီတွင် ရွှေကူမြို့နယ် ရွှေဂုကုန်းကျေးရွာနေ အခြေခံပညာအထက်တန်းကျောင်း(ရေလဲ)မှ အထက်တန်းပြဆရာမ ဒေါ်စန်းစန်းအေး ၄၇ နှစ်သည် ၎င်း၏ နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦး(စိစစ်ဆဲ) ရောက်ရှိလာပြီး ၎င်းအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမား နှစ်ဦး(စိစစ်ဆဲ)ကို ဒီဇင်ဘာ ၁၁ ရက်တွင် ရွှေကူမြို့မရဲစခန်းက(ပ)၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၁၁ ရက်တွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်မင်းရောင်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံ ကြံခင်းဈေးထောင့်၌ ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ် ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)ကို ဒီဇင်ဘာ ၁၁ ရက်တွင် မြဝတီမြို့မရဲစခန်းက (ပ)၂၈၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၁၂ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အရှေ့၌ ပြည်သူ့ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့်ဗီနိုင်းဆိုင်းဘုတ်ကို အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဓားဖြင့် လှီးဖြဖျက်ဆီးခဲ့သဖြင့် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)ကို ဒီဇင်ဘာ ၁၂ ရက်တွင် ကျိုက်ထိုမြို့မရဲစခန်းက (ပ)၂၉၁/၂၀၂၅၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း။

ထို့အတူ ဒီဇင်ဘာ ၁၃ ရက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အရှေ့၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်ကို အမျိုးသား နှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး တွန်းလှဲဖျက်ဆီးခဲ့သဖြင့် အမျိုးသား နှစ်ဦး(စိစစ်ဆဲ)ကို ဒီဇင်ဘာ ၁၄ ရက်တွင် ကျိုက်ထိုမြို့မရဲစခန်းက (ပ)၂၉၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာ ဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၉-၂-၂၀၂၆ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(Myawady Webportal (www. myawady. net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၂-၂၀၂၅ ရက်နေ့မှ ၂၈-၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်**။ နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။








# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**





## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောင်ဝင်းကိုကို (ဘ) ဦးသိန်းဝင်း(၁၃/လရန(နိုင်)၂၂၈၄၁၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF–727018)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–43160126

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေ မောင်ကျော်ဇင်မြင့် (ဘ) ဦးလှမြင့်(၁၃/လရန(နိုင်) ၂၂၉၄၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI–801120)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–776512182


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ၊ . . . စသည်)



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီး တိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရန်မှုမှာ အစာကိုလည်း ကြေညက်စေသည်။



❖ ယနေ့နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတကာတွင် ဉာဏ်ရည်တု AI နည်းပညာကို နယ်ပယ်စုံတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးချနေကြပြီဖြစ်…

❖ မြန်မာနိုင်ငံတက္ကသိုလ်များကလည်း သင်ကြားသင်ယူမှုတွင် နည်းပညာ(Technology)နှင့်အတူ AI ပညာရပ်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေးအတွက် ပညာရှင်များက ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလို…

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြုလုပ်သော မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပပြုလုပ်






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ **စာမျက်နှာ ၁၉ ကော်လံ ၁** ☆

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် **စာမျက်နှာ ၂၅ ကော်လံ ၁** ❍

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်စဉ်။



ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၈၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ